


# ရဟန္တာဖြစ်မည့်ရှင်ဆန္ဒ၏အမြင်

ဟောကြားသည့်နေ့
(၃-၁၁-၆၀) 3-1-61

၄၈

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၃)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ရဟန္တာဖြစ်မည့် ရှင်ဆန္ဒ၏အမြင်

(၃ - ၁၁ - ၆၀)

စာမူခွင့်ပြုချက် အမှတ် - (၁၄/၉၈) (၄)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ရဟန္တာဖြစ်မည့် ရှင်ဆန္ဒ၏အမြင်

(၃-၁၁-၆၀)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်၊ ဒကာ ဒကာမတွေအား သူ့အမြင်တော်ကြီးနဲ့ ပြောပြီးသကာလ၊ ဒကာ ဒကာမတွေကို အမှန်သိစေချင်တယ်ဆိုတာ မှတ်ရမယ်. . . (မှန်ပါ့) သူ့အမြင်က ကြွက်လေးကောင် ဥပမာနဲ့ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်များမှာ ဟောထားတာ. . . လူတွေမှာ အားငယ်စရာ မရှိဘူး၊ ကြွက်လေးမျိုးဥပမာနဲ့ ငါပြပါမယ်ဆိုပြီး ဒကာကြွယ် ကြွက်လေးမျိုး ဥပမာနဲ့ပြတဲ့ နေရာလည်း အရှိသားပဲ. . . (မှန်ပါ့ဘုရား)။

## ကြွက်လေးမျိုးဥပမာ

တစ်ကောင်သော ကြွက်ကတော့ တွင်းသာတူး၍ မအောင်းတတ်ဘူးတဲ့၊ တွင်းတော့တူးတယ်၊ မအောင်းတတ် ဘူး၊ ဒီကြွက်က တစ်မျိုး. . . (မှန်ပါ့ဘုရား)။

တစ်ကောင်သောကြွက်ကတော့ တွင်းတော့မတူးတတ်ဘူး၊ သူများတူးတဲ့ တွင်းကိုတော့ အောင်းတတ်တယ်တဲ့ (မှန်ပါ့) သူဟာအောင်းတတ်ရုံပဲ စွမ်းရည်သတ္တိရှိတယ်၊ တွင်း မတူးတတ်ဘူး. . . (မှန်ပါ့ဘုရား)။

တစ်ကောင်းသော ကြွက်ကတော့ ဒကာ ဒကာမတို့ တွင်းလည်း မတူးတတ်ဘူး၊ အောင်းလည်း မအောင်းတတ်ဘူး ဆိုတဲ့ တတိယ ကြွက်မျိုးပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

စတုတ္ထကြွက်ကတော့ တွင်းလည်းတူးတတ်တယ်၊ အောင်းလည်း အောင်းတတ်တယ်ဆိုတဲ့ သူဟာ ကြွက်ဗိုလ်ပေါ့ဗျာ (မှန်ပါ့ဘုရား)။

ကြွက်ဘယ်နှစ်မျိုးရှိပါလိမ့်. . . (လေးမျိုးရှိပါတယ်ဘုရား)။ (၁) နံပါတ်ကြွက်ကတော့ တွင်းသာတူးတတ်၍ မအောင်းတတ်ဆိုတာ (၁) နံပါတ် ကြွက်မျိုးပေါ့ဗျာ. . . (မှန်ပါ့)။

(၂) နံပါတ် ကြွက်ကတော့ ဒကာ ဒကာမတို့ အောင်းတော့ အောင်းတတ်ပါတယ်၊ တွင်းတော့ မတူးတတ်ဘူး (မှန်ပါ့)

(၃) နံပါတ် ကြွက်ကတော့ တွင်းလည်း မတူးတတ်ဘူး၊ အောင်းလည်း မအောင်းတတ်ဆိုတော့ သူ့မှာ အန္တရာယ်များ သပေါ့ဗျာ. . . (မှန်ပါ့) (၄) နံပါတ် ကြွက်ကတော့ သူ့ဟာသူ လည်း တူးတတ်၊ သူ့ဟာသူလည်း အောင်းတတ်တဲ့အတွက် သူ့မှာ အန္တရာယ်ကင်းလို့ ဘေးရှင်းတယ် ဆိုတာ မှတ်ရမှာ ပေါ့. . . (မှန်ပါ့ဘုရား)။

## ဘုရားက ဘာကြောင့် ဟောရပါလိမ့်

အဲဒီတော့ ကြွက်တွေကို ဘယ့်နှယ်ကြောင့် ဘုရားက ဥပမာ အဓိကထားပြီး ဟောရပါလိမ့်မလည်းလို့ မေးတဲ့အခါကျ တော့ အဖြေထွက်လာတယ်လို့ ဒကာ ဒကာမတွေ မှတ်ရမယ် နော် (မှန်ပါ့)။

(၁) နံပါတ် ကြွက်ကတော့ဘာတုံး. . . (တွင်းသာ တူးတတ်တယ် မအောင်းတတ်ပါဘုရား)။

## (၁) နံပါတ် ကြွက်

အဲဒီဥစ္စာကတော့ တခြားမဟုတ်ပါဘူး၊ မြတ်စွာဘုရား ဒေသနာတော် စာတွေ ကျမ်းဂန်တွေ အမျိုးမျိုးအဖုံဖုံ ခန္ဓာ အာယတန ဓာတ်သစ္စာတွေကို သင်တော့သင်ပါရဲ့၊ သို့သော် သင်ရုံပဲသင်ပြီး သကာလ အားမထုတ်တဲ့အတွက် ဒကာ ဒကာ

မတို့ (၁) နံပါတ် ကြွက်သည် တွင်းသာတူးတတ်တယ်၊ မအောင်းတတ်တဲ့အတွက် အန္တရာယ်ကင်း၍ ဘေးမရှင်းသလို ဒီမှာလည်း ဘေးမရှင်းပါဘူး. . . (မှန်ပါ့) စာတွေပေတွေတော့ တတ်ပါရဲ့ အလုပ်ကို မလုပ်တဲ့အတွက် သူ့မှာ အန္တရာယ်ကင်းလို့ ဘေးမရှင်းဘူး. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## (၂) နံပါတ်ကြွက်

(၂) နံပါတ် ကြွက်ကတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေနဲ့ သိပ်တူပါတယ်၊ စာတွေပေတွေတော့ မတတ်ဘူး (မှန်ပါ့) တွင်းတော့ မတူးတတ်ဘူး၊ အောင်းတော့ အောင်းတတ်တဲ့ ကြွက်ဆိုတော့ အန္တရာယ်ကင်းတယ်. . . (မှန်ပါ့) ထို့အတူပဲ စာတွေပေတွေတော့ မတတ်ဘူးတဲ့၊ ဆရာသမား တူးထားတဲ့ တွင်းကို အောင်းရုံပဲ၊ ဥပမာ စာတွေပေတွေကို ဒကာ ဒကာမတွေက ဉာဏ်နဲ့ ကူးယူပြီးသကာလ အောင်းလိုက်တဲ့အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ထိအောင် ရနိုင်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် စာမတတ်ပေမယ့်လည်း နည်းနာနိဿယကောင်းကိုရပြီးသကာလ ကြိုးစားလို့ ရှိရင်လည်း အထမြောက်နိုင်တယ်ဆိုတာ ဘုရားကဟောလိုက်တယ်. . . (မှန်ပါ့ဘုရား)။

## (၃) နံပါတ်ကြွက်

(၃) နံပါတ် ကြွက်ကတော့ ဒကာ ဒကာမတို့ စာပေလည်း မတတ် ကျင့်လည်းမကျင့်ဆိုတော့ ဘယ့်နှယ်တုံး (မရပါဘုရား) မရဘူးဆိုတာ အထူးသေချာနေတယ်. . . (မှန်ပါ့) မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## (၄) နံပါတ်ကြွက်

(၄) နံပါတ်ကတော့ ဒကာ ဒကာမတို့ စာပေလည်း တတ်တယ်၊ ကျင့်လည်းကျင့်တယ်ဆိုတော့ ဆိုဖွယ်ရာ မရှိအောင်ပဲ ကောင်းတော့တယ်ဆိုတာ ပြောဖို့ မလိုတော့ပါဘူး (မှန်ပါ့ဘုရား)။

အဲဒီတော့ အခု တရားနာလာကြတဲ့ ဒကာ ဒကာမတွေ ထဲမှာဖြင့် များသောအားဖြင့် ပြောကြပါစို့ ဆိုရင်ဖြင့် တွင်းတော့ မတူးတတ်ဘူး ဘုရား၊ အရှင်ဘုရား ဟောတော်မူတဲ့အတိုင်း တပည့်တော်တို့ မှတ်သားပြီး ကျင့်ရမှာပဲ ဆိုလို့ရှိရင်လည်း အန္တရာယ်ကင်းလို့ ဘေးရှင်းတဲ့အထဲ ပါ,ပါတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် အခု တရားနာနေကြတဲ့ ဒကာ ဒကာမတွေ သည် တွင်းမတူးတတ်ဘဲနဲ့ အောင်းခြင်းကြောင့် အိုဘေး၊ နာဘေး၊ သေဘေး၊ သောကပရိဒေဝဆိုတဲ့ စိုးရိမ်မှု၊ ငိုကြွေးမှုစတဲ့ ဘေးတွေ အကုန်ကင်းပါလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

**ဘာမှအားမငယ်နဲ့**

ဒါကြောင့် ဒကာ ဒကာမတို့ ငါတို့အားငယ်စရာမရှိဘူး ဆိုတဲ့ ဥစ္စာကို (၂) နံပါတ်ထဲမှာ အပါအဝင်ဖြစ်ပြီး ဘုရားက ဟောထားတယ်. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘာမှ အားမငယ်ဘဲနဲ့ ဘုန်းကြီးပြောတာကို သာ လိုက်နာ ကျင့်ကြံကြမယ်ဆိုရင် ဆရာဘုန်းကြီးက တွင်း တူးထားတယ်၊ ဒီတွင်းထဲ အောင်းရုံပဲ (မှန်ပါ့) ဒီတွင်းထဲ အောင်း လိုက်တယ်ဆိုရင်ဖြင့် အန္တရာယ်မှ ကင်းပါ့မလား၊ ဘေးမှ ရှင်းပါ့ မလားလို့ သံသယမရှိပါနဲ့. . . (မှန်ပါ့ဘုရား)။

ကိုင်း ဒါဖြင့် စာတတ်ရုံနဲ့လည်း မပြီးသေးဘူး ကျင့်ဦး မှ ဆိုတဲ့ အဓိပ္ပာယ်ဟာ ဒကာကြွယ် ရှင်းသွားပြီ. . . (ရှင်းပါပြီ ဘုရား) တွင်းသာတူးပြီး မအောင်းလို့ရှိရင်လည်း ဒီကြွက်ဟာ သိန်းတို့၊ စွန်တို့၊ ကြောင်တို့၏ အစာဖြစ်ရမယ်. . . (မှန်ပါ့) သူများ တူးတဲ့ တွင်းမှာပဲ အောင်းရင်လည်း သူ့မှာ သိန်းတို့စွန်တို့ ကြောင်တို့၏ အန္တရာယ်တော့ မလွတ်ပေဘူးလား. . . (လွတ်ပါတယ်) အဲ. . . ဒကာ ဒကာမတွေကတော့ ဒီ (၂) နံပါတ် ကြွက်လိုပါပဲ (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

စိုးရိမ်စရာ ကောင်းတာကတော့ ဘာတုံးလို့မေးတဲ့အခါ ကျတော့ စာပေကျမ်းဂန်ကလည်း မတတ်၊ တရားနာပြီး အား မထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက်ဖြင့် တွင်းလည်း မတူးတတ်

အောင်းလည်းမအောင်းတတ်ဆိုရင် သိန်းတို့ စွန်တို့ ကြောင်တို့၏ အစာတော့ ဖြစ်လိမ့်မယ်လို့ ပြောတာပါပဲ. . . (မှန်ပ့ါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတို့ (၄) နံပါတ် ပုဂ္ဂိုလ်ကတော့ စာပေကျမ်းဂန်တွေလည်း တတ်ပါတယ်၊ ကျင့်လည်း ကျင့်ပါတယ်ဆိုတော့ ဒကာ ဦးလှဘူးရေ အတိုင်းထက်အလွန် ကောင်းပေ့ဗျာ. . . (မှန်ပ့ါဘုရား)။

## တွင်းအောင်းမှုဟာ ပဓာန

ဒီတော့ တွင်းအောင်းမှုဟာ ပဓာနပဲ. . . (မှန်ပ့ါ) တွင်းအောင်းတာ ပဓာနပဲဆိုရင်ဖြင့်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သောကဆိုတာ စိုးရိမ်မှု လူတိုင်းမှာ ရှိကြတယ်၊ သားအတွက်၊ သမီးအတွက်၊ ပစ္စည်းအတွက်၊ ရှေ့ရေးအတွက်၊ နောင်ရေးအတွက်ဆိုတာ သောကရှိကြတယ်နော်. . . (မှန်ပ့ါ) သောကတွေ အားကြီးပြီဆိုမှုဖြင့် မျက်ရည်ကလေး ကလယ်ကလယ်နဲ့ ပရိဒေဝဆိုတဲ့ သဘောလေးဟာ ပေါ်ပေါ်လာတယ်. . . (မှန်ပ့ါဘုရား)။

အဲဒီတော့ တွင်းအောင်းပစ်လိုက်ပါလို့ ဘုရားကဟောတယ်၊ ဝိပဿနာလုပ်ပါလို့ ပြောတာပါ. . . (မှန်ပါ) တွင်းသာ အောင်းလိုက်စမ်းပါတဲ့၊ ဒီဥစ္စာ သောကတည်းဟူသော

ဘေး၊ ပရိဒေဝတည်းဟူသော ကြောက်စရာကောင်းတာတွေ အကုန်ချုပ်ငြိမ်း၍ ရုပ်သိမ်းပါလိမ့်မယ်ဆိုတာ သေသေချာချာ ဟောပါတယ်. . . (မှန်ပါ့ဘုရား)။

## တွင်းအောင်းဆိုတာဘာတုံး

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ တွင်းအောင်းဆိုတာ ဘာတုံးလို့ မေးစရာရှိတဲ့အခါကျတော့ ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်ထဲမှာ သစ္စာသိဖို့ အရေးကြီးတယ်. . . (မှန်ပါ့) သစ္စာဆိုတာ ဒကာ ဒကာမတွေက စာထဲမှာ သိရတဲ့ သစ္စာကတော့ ပေါင်းချုပ်ပြီး သကာလ အလုံးစုံ ရေးထားတဲ့ သစ္စာနော်. . . (မှန်ပါ့) အဲဒါလောက်ပြောတာ မဟုတ်ပါဘူး (မှန်ပါ့) ကိုယ့်ခန္ဓာထဲမှာ ဥပမာ. . . ယားတာကလေးတစ်ခု၊ နာတာကလေးတစ်ခု ခန္ဓာကိုယ်ထဲမှာ ပေါ်လာတယ်၊ ပေါ်လာတာသည် ကားလို့ဆိုရင် ယားတယ်၊ နာတယ်ဆိုကတည်းက ဒုက္ခကလေးပဲ. . . (မှန်ပါ့) ဒုက္ခကလေး ဖြစ်လာတော့ ဒါကလေးဟာလည်း ခဏကလေး ကြည့်လိုက်တဲ့အခါ ပျောက်သွားတယ် (မှန်ပါ့) ဩော်. . . ဒါကလေးဟာ ဒုက္ခသစ္စာပါကလားလို့ သိဖို့ အရေးကြီးတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် အဲဒါကို တွင်းအောင်းတယ်ခေါ်တယ်။ ဒုက္ခသစ္စာလို့ သိလိုက်တော့ ခန္ဓာထဲမှာ ကိုယ့်ခန္ဓာသည်

ဝေဒနာက္ခန္ဓာပါကလား၊ ဝေဒနာက္ခန္ဓာကလေး၏ ဖြစ်ပေါ်မှု ဒုက္ခ၊ ပျက် ဆုံးမှု ဒုက္ခလို့ ဒကာ ဒကာမတွေက ကြည့်ပေး လိုက်တာပေါ့ (မှန်ပါ့) ကြည့်လိုက်တဲ့အခါကျတော့ ဝေဒနာ နောက်ကနေပြီး သကာလ ကြည့်တဲ့ဉာဏ်ကလေးလိုက်လို့ရှိရင် သောက လာပါဦးမလား (မလာပါဘုရား) ပရိဒေဝကော. . . (မလာပါဘုရား) ရှေ့က ဒုက္ခချုပ်သွားလို့ နောက်က ဒေါမနဿ ပရိဒေဝ သောကတွေ အကုန်ချုပ်ရတယ်. . . (မှန်ပါ့) ရှေ့က ဒုက္ခသစ္စာ ချုပ်သွားတာနဲ့ နောက်က ပရိဒေဝတွေ အကုန်မချုပ် ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

အဲဒါတွေ ဉာဏ်နဲ့ကြည့်တော့မှ တွေးလုံးတွေ ထုတ်နေ တာ အပိုပဲ. . . (မှန်ပါ့) မျက်ရည်ကျဖို့ တွေးလုံးတွေ ထုတ်နေ တာ အပိုပဲ၊ ဒါတွေ ငြိမ်းအောင်ဖြင့် ငါ့သန္တာန်မှာ ပေါ်လာတဲ့ ဝေဒနာကလေးတွေ၊ ရှုလို့ ဖြစ်ပေါ်လာတဲ့ စိတ်ကလေးတွေ၊ တစ်ခုခုမှတ်ပြီးသကာလ ရှုနေလို့ရှိရင်ဖြင့် ဒုက္ခနဲ့ ဒေါမနဿ လည်း ချုပ်တယ်. . . (မှန်ပါ့) သောကနဲ့ ပရိဒေဝကော (ချုပ်ပါတယ်ဘုရား)။

ဒါကြောင့် ဒုက္ခ **ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ သောက ပရိဒေဝါနံ သမတိက္ကမာယ** = ဒုက္ခဒေါမနဿလည်း ချုပ်ပါ တယ်၊ သောကပရိဒေဝကို သေသေချာချာ လွန်မြောက် နိုင်ပါတယ်၊ မလာနိုင်ပါဘူးဆိုတာ ရှင်းရှင်းလင်းလင်း ဟော ထားပါတယ်. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေက တွေးလုံးတွေ၊ သားစိတ်၊ သမီးစိတ်၊ ဆွေစိတ်၊ မျိုးစိတ်တွေကြောင့် အမျိုးမျိုး အဖုံဖုံ လာလို့ရှိရင် ကိုယ့်ခန္ဓာထဲက ဝေဒနာကလေးတွေ ဖြစ်ပျက် ရှုချလိုက် (မှန်ပါ့) ဒုက္ခဝေဒနာပေါ်ရင်. . . (ဖြစ်ပျက် ရှုရပါမယ်) ဒုက္ခကို ဖြစ်ပျက်ရှုလိုက်တော့ သူက ဒုက္ခသစ္စာ၊ ဖြစ်ပျက်ရှုတာက မဂ္ဂဆိုတော့ ဒကာ ဒကာမတွေ သိတဲ့အတိုင်း သောက ပရိဒေဝ နောက်က လာသေးရဲ့လား. . . (မလာပါ ဘုရား)။

သောက ပရိဒေဝ မလာအောင်ဟာ ဘုရားဆေးတော် ဟာ သောက်တိုင်းပျောက်တဲ့ ဆေးပဲဆိုပြီး၊ ဒကာ ဒကာမတွေ က အခု ဆရာဘုန်းကြီးပြောတာ မှတ်ရှုနေမယ်ဆိုရင်ဖြင့် သောကဆိုတဲ့ စိုးရိမ်ခြင်း၊ ပရိဒေဝဆိုတဲ့ ငိုကြွေးခြင်း၊ ဒါတွေ ချုပ်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘာပူစရာရှိသလဲလို့ မေးတော့၊ ဒကာ ဒကာမ တွေက အတွေးလွဲရင်ဖြင့် သောက ပရိဒေဝတွေ လာနေ မယ် . . . (မှန်ပါ့) အခု ပေါ်လာတာကလေးဟာ ဥပမာ စိုးရိမ် မှုကလေး သားအတွက်၊ သမီးအတွက် ပေါ်လာတယ်၊ အဲဒီ စိုးရိမ်မှုကလေးကိုပဲ ဒီစိတ်ကလေးဟာလည်း ဖြစ်ပြီးပျက်တာ ပဲလို့ မြန်မြန်တွေးချလိုက်ပါ (မှန်ပါ့) တွေးချလိုက်တဲ့အခါ ကျတော့ ချုပ်သွားပြီး ဒကာ ဒကာမတို့ မင်္ဂကလေး ဖြစ်လာ

တယ်. . . (မှန်ပါ့)။ ဒါဖြင့် နောက်က ပရိဒေဝ လိုက်နိုင်သေး ရဲ့လား. . . (မလိုက်နိုင်ပါဘုရား)။

ဩော်. . . ဒါဖြင့် ဖြတ်လည်းအရသားပဲ၊ ဒကာ ဒကာမ တွေက မဟုတ်တာတွေးပြီးသကာလ မျက်ရည် စက်လက်ဖြစ်ချင်လို့ကိုး၊ ကိုယ့်အကျိုး ကိုယ်မသိလို့ ကိုယ့်ဒုက္ခ ကိုယ်ရှာနေတာဖြင့် ဩော် ဒကာ ဒကာမတွေ အပါယ် နှုတ်ဆက်နေတာနဲ့ တူလိုက်တာ (မှန်ပါ့) မဆိုထိုက်ဘူး လား. . . (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ အခုပြောတဲ့အတိုင်း တွင်းကို မတူးတတ်ငြားသော်လည်း၊ ဆရာဘုန်းကြီးပြောတဲ့ အတိုင်း ဒုက္ခသစ္စာတည်းဟူသော သစ္စာတွင်းထဲမှာ ဉာဏ်နဲ့ အောင်းပြီး သကာလ နေလိုက်လို့ရှိရင်ဖြင့်၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းနိုင်ပါတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ကြွက်လေးမျိုးထဲ ဘယ်ဟာနဲ့ တူတယ်ဆိုတာ သိရောပေါ့. . . (မှန်ပါ့) ဒုတိယကြွက်နဲ့ မတူဘူးလားဗျ. . . (တူပါတယ်ဘုရား) တွင်းတော့ဖြင့်. . . (မတူးတတ်ပါဘုရား) အောင်းတော့. . . (အောင်းတတ်ပါ တယ်ဘုရား)။

အဲ. . . အောင်းဆိုတာ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ၊ ဘယ် ဖြစ်ပျက်လာလာ ဒုက္ခသစ္စာပဲလို့ ရှုနေလို့ရှိရင် သမုဒယ ချုပ်သွားပါတယ်. . . (မှန်ပါ့ဘုရား)။

## စာမတတ်ဘဲနဲ့ နိဗ္ဗာန်ရောက်နိုင်တယ်

အဲဒီတော့ တွင်းမတူးတတ်ဘဲနဲ့ နိဗ္ဗာန်တည်းဟူသော မြို့ထဲမှာ အောင်းတတ်တယ်ဆိုတဲ့ အဓိပ္ပာယ်၊ စာမတတ်ဘဲနဲ့ နိဗ္ဗာန်ရောက်သွားနိုင်တယ်. . . (မှန်ပါ့) အဲဒီကဲ့သို့ ရောက်သွားတယ်ဆိုတော့ ဒကာ ဒကာမတွေသည် ဘာပူစရာ ရှိတော့သတုံး. . . (မရှိပါဘုရား)။

အဲဒါကြောင့် ဘာကလေးပေါ်လာလာ ကိုယ့်စိတ်ထဲ မှာ ပေါ်လာသရွေ့ စားချင်တဲ့စိတ်ပေါ်လည်း ဖြစ်ပျက်ရှုပေး ပါ. . . (မှန်ပါ့)၊ သွားချင်တဲ့စိတ်ကလေး ပေါ်လာရင်လည်း (ဖြစ်ပျက်ရှုပေးရပါမယ်) ဖြစ်ပျက်ရှုပေးလိုက်တော့ သွားချင်တဲ့ စိတ်က ဒုက္ခသစ္စာ၊ ဖြစ်ပျက်ရှုတဲ့မဂ်က (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဖြစ်သွားတော့ နောက်ပိုင်းက သမုဒယတွေ မသေဘူးလား. . . (သေပါတယ်ဘုရား) သမုဒယ သေသွား တော့ ဒကာ ဒကာမတို့ ဒုက္ခနိရောဓ ဆိုတာက သမုဒယ သေရင် ရပြီးသားပဲ. . . (မှန်ပါ့) သဘောပါကြပလား. . . (ပါပါပြီဘုရား)။

အဲဒါတွေ သေသေချာချာ သိတော့မှ ဩော်. . . ငါတို့ သန္တာန်မှာ ရှုစရာတရားဟာက အမြဲတမ်း ပေါ်နေတာပါက လား. . . (မှန်ပါ့) တွေးလုံးပေါ်လဲ ဘာလုပ်ရမတုံး. . . (ရှုရပါ မယ်) ဆွေးလုံးပေါ်လည်း. . . (ရှုရပါမယ်) ငိုချင်တဲ့ စိတ်ကလေးပေါ်လည်း. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ငိုချင်တဲ့စိတ်ကလေးကျတော့ "သဒေါသစိတ္တံ သဒေါသ စိတ္တန္တိ ပဇာနာတိ" ဆိုပြီး ဖြစ်ပျက်ရှုချလိုက်တာပေါ့ (မှန်ပါ့) စာလိုပြောရင် မသိဘဲနေမှာစိုးတော့ ဖြစ်ပျက်သာ ရှုချလိုက်ပြီ ဆိုမှဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာတွေဟာ နောက်က လိုက် သေးရဲ့လား. . . (မလိုက်ပါဘုရား) ဘယ်လိုက်မလဲ ဒကာ ဒကာမတို့ စဉ်းစားကြည့်ပါ။ ဖြစ်ပျက်ရှုတာက မဂ်ဝိဇ္ဇာ ဖြစ်နေတော့ကို ဟိုဘက်က အဝိဇ္ဇာ သင်္ခါရ အကုန်ချုပ် တယ်. . . (မှန်ပါ့)။

အဲဒါကြောင့် ခင်ဗျားတို့ ဆရာသမားက ရှေ့က ခေါင်း ဆောင်ပြီး သကာလ တွင်းတူးပေးထားတယ်၊ ခင်ဗျားတို့က အောင်းရုံကလေးကို၊ ကိုယ်အောင်းတဲ့အတွက် ကိုယ်လည်း အပါယ်လေးပါးတည်းဟူသော အန္တရာယ်တွေ အကုန်လွတ်ပြီး သကာလ နိဗ္ဗာန်တည်းဟူသော လုံခြုံရာသို့ ရောက်မသွားဘူး လား (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် တွင်းတူးပေးတဲ့ပုဂ္ဂိုလ်က တူးလို့မှ မအောင်းတဲ့ ကြွက်ဟာဖြင့် သိန်း၊ စွန်၊ ကြောင်တို့၏ အစာ

ဖြစ်ချင်လို့ပဲလို့ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား) ကဲ ဦးလှဘူး ရိပ်မိလောက်ပါပြီဗျာ. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့က ဘယ်ဘက်က နေရမှာ တုံးဗျာ (တွင်းအောင်းတဲ့ဘက်က နေရမှာပါဘုရား) တွင်းအောင်းတဲ့ ဘက်ကနေတယ်ဆိုတာသည် တခြားမဟုတ်ပါဘူး၊ ဖြစ်ပျက်ရှုတဲ့ဘက်ကနေရင် ဒါ တွင်းအောင်းနေတာပဲ. . . (မှန်ပါ့) တွင်းအောင်းနေတော့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက . . . (မဂ္ဂသစ္စာပါဘုရား) သေတာက. . . (သမုဒယ သေတာပါဘုရား) လုံးခြုံတာကို ဘာခေါ်ကြမယ်. . . (နိရောဓသစ္စာပါဘုရား)။

အဲ. . . ခင်ဗျားတို့က တွင်းအောင်းတဲ့အခါ နိဗ္ဗာန်ရောက်တော့ ဘယ်ဘေး ဘယ်အန္တရာယ် ဘယ်ရန်မာန်တွေ လာသေးလား (မလာပါဘုရား) အဲဒီတော့ လုံခြုံသွားတယ်ဆိုတဲ့ အဓိပ္ပါယ် မရှင်းသေးဘူးလား. . . (ရှင်းပါပြီဘုရား)။

## ဒီလမ်းကိုဖြင့် မလွှဲတမ်းလိုက်ပါ

အေး. . . ဒါကြောင့် ဒကာဒကာမတွေ ဒီလမ်းကိုဖြင့် မလွှဲတမ်းလိုက်ပါဆိုတာ သတိပေးနေတယ် . . . (မှန်ပါ့ဘုရား) သတိပေးလို့ရှိရင်ဖြင့် ဒကာဒကာမတွေမှာ ကိုယ်တူးတဲ့တွင်းလဲ

ဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘုရား) ဆရာတူးတဲ့တွင်းကော . . . (ဟုတ်ပါတယ်ဘုရား) ဒကာဒကာမတွေက အသာကလေး အောင်းရုံပဲ . . . (မှန်ပါ့ဘုရား)။

အဲဒီမှာ အသာကလေး အောင်းရုံမှ ပျင်းသေးတယ်၊ ဖျင်းသေးတယ် ဆိုလို့ရှိရင်ဖြင့် သိန်း၊ စွန်တို့၏ အစာဆိုသလို အပါယ်လေးပါး၏ အစာမဖြစ်ရပေဘူးလား . . . (ဖြစ်ရပါတယ်ဘုရား) အဲဒါတွေ သေသေချာချာသိတော့မှ ဩော် . . . ငါတို့စိတ်ကူးတွေဟာ တယ်ဆိုးရွားပါကလားဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ စိတ်ကူးမျိုးစုံ အကုန်သိမ်းပြီး သကာလ ပေါ်တဲ့စိတ်ကူးကို ဖြစ်ပျက်ရှုပါ . . . (မှန်ပါ့) ဖြစ်ပျက် ရှုလိုက်တဲ့အခါ စိတ်ကူးက ဘာသစ္စာ (ဒုက္ခသစ္စာပါ) ရှုတာက (မဂ္ဂသစ္စာပါ) သေတာက . . . (သမုဒယသစ္စာပါ) လုံးခြုံအောင် အောင်းနိုင်တာက . . . (နိရောဓသစ္စာပါ) အင်္ဂုတ္တိုရ်မှာ လာတာကလေးကို ဒကာသစ် ရွှေပိုင်းက ပြောပေးပါတယ် . . . (မှန်ပါ့) ကိုင်း . . . ဒါဖြင့် မနေ့ကစခဲ့တဲ့ ဆန္ဒဝတ္ထုကို ဆက်ကြပါစို့ . . . (မှန်ပါ့)။

## ရှင်သာရိပုတ္တရာနှင့်ရှင်စုန္ဒ

ရှင်သာရိပုတ္တရာနဲ့ ရှင်စုန္ဒဆိုတာ ဒကာကြွယ်ညီအစ်ကို

နော် (မှန်ပါ့) အဲဒီ ညီအစ်ကိုနှစ်ပါးက ဂိဇ္ဈကုဋ်တောင်ပေါ် မှာ နေ့လယ်သွားပြီးတော့ ဖလသမာပတ် ဝင်စားနေတယ် ဖလသမာပတ် ဝင်စားတယ်ဆိုတာ ဖြစ်ပျက်ချုပ်ငြိမ်း ရုပ်သိမ်း တဲ့ နိဗ္ဗာန်ကို အာရုံပြုပြီး ဖိုလ်စိတ်တွေ ဖြစ်နေတာကို ဖလ သမာပတ်ဝင်စားတယ် ပြောတာပါပဲ . . . (မှန်ပါ့) ဖြစ်ပျက်ချုပ် ငြိမ်းတဲ့ဆီကို ဉာဏ်များများစိုက်ထားတာ ဖလသမာပတ်လို့ ခေါ်တယ် (မှန်ပါ့ဘုရား)။

## ရှင်ဆန္ဒက မကျန်းမာဘူး

အဲဒီမှာ သူတို့ ဂိဇ္ဈကုဋ်တောင်ပေါ်မှာ ညီအစ်ကိုနှစ်ပါး ဝင်စားနေကြတယ် . . . (မှန်ပါ့) ရှင်ဆန္ဒဆိုတဲ့ ရဟန်းကလဲ တောင်ခြေရင်းမှာ ကျောင်းကလေး တစ်ကျောင်းနဲ့ နေပါတယ် (မှန်ပါ့)။

အဲဒီမှာ ကျောင်းကလေး တစ်ကျောင်းနဲ့နေပြီး သူက ဘာဖြစ်သတုံးဆိုတော့ မကျန်းမမာတာ ပြင်းထန်နေတယ် . . . (မှန်ပါ့ဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာနဲ့ ရှင်စုန္ဒက ဖလသမာပတ်က တော်လောက်ပါပြီဆိုပြီး ထ, လာတဲ့အခါကျတော့၊ ရှင်သာရိ ပုတ္တရာက ငါ့ရှင်စုန္ဒ ရှင်ဆန္ဒဟာ တောင်ခြေရင်း ကျောင်း ကလေးမှာ မမာဘူးလို့ သတင်းရတယ်၊ အဲဒီတော့ ဒီမမာတဲ့ဆ

သွားမေးရတာဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ချီးမွမ်းတဲ့ အလုပ်ကွ၊ လူမမာသွားမေး၊ လူမမာပြုစုတဲ့အလုပ်ဟာ အလွန် ချီးမွမ်းတဲ့အလုပ်၊ တို့သွားရအောင်ဆိုပြီး တောင်ပေါ်က ဆင်းပြီး ရှင်ဆန္ဒကျောင်းသို့ ဒကာကြွယ် သွားကြတယ် . . . (မှန်ပါ့ ဘုရား)။

## ရောဂါဘယ့်နှယ်နေသတုံး

ရှင်ဆန္ဒဆီ ရောက်သွားတော့ ရှင်သာရိပုတ္တရာက ငါ့ရှင် ရောဂါဝေဒနာ ဘယ့်နှယ်နေသတုံးမေးတော့၊ ဟာ ရောဂါဝေဒနာကတော့ဘုရားရှေ့သာတိုးတယ်၊ နောက်မဆုတ် ပါဘူးဘုရား၊ ကြိုးနဲ့ လည်ပင်း ပတ်ထားသလို ခေါင်းကြီးက လည်း တစ်ခါတည်း တင်းကြပ်နေအောင် ပတ်ထားသလိုပဲ၊ ဝမ်းထဲမှာလည်းဘုရား . . . ဓားငယ်ကလေးနဲ့ မွှေသလို လေတွေကလည်း ထလိုက်တာ၊ ပူလိုက်တာကလည်း ဘုရား လူနှစ်ယောက်က တပည့်တော်ကို ခြေနဲ့လက်ကိုင်ပြီး၊ မီးပူထဲမှာ ကင်သလို တပည့်တော်မှာ ပူပြီးသကာလ နေပါတယ်ဘုရား၊ ဒါကြောင့် ဘယ်နေရာကမှ မသက်သာဘူးတဲ့ . . . (မှန်ပါ့ ဘုရား)။

ဘယ်နေရာကမှ မသက်သာဘူးတဲ့၊ ခေါင်းထဲ ကြိုးနဲ့ ပတ်ထားသလို ဝမ်းထဲကလဲ ဓားငယ်ကလေးနဲ့ မွှေလိုက်သလို

ပဲတဲ့ . . . (မှန်ပါ့) တစ်ကိုယ်လုံးမှာလည်း လူနှစ်ယောက်က ခြေကိုင်လက်ကိုင်ပြီးသကာလ မီးပူထဲမှာ ကင်သလို ဖြစ်နေပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်မှာ မသက်သာဘူးတဲ့ (မှန်ပါ့)။

## သေကြောင်းကြံတယ်

အဲဒီတော့ တပည့်တော်က စိတ်ကူးရှိတယ်ဘုရား . . . ဒီခန္ဓာကြီးနဲ့ နေရတာဖြင့် ဒီဒုက္ခတွေပဲ များနေမှာပဲ၊ ကိုယ့်ဟာကိုယ်လည်ပင်းကို ဓားနဲ့လှီးပြီး သေမယ်လို့ စိတ်ကူးပါတယ်ဘုရား . . . (မှန်ပါ့ဘုရား)။

ဒါ ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်နော် . . . (မှန်ပါ့) ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ် သေကြောင်းကြံတယ်ဆိုတာ ဒကာ ဒကာမတို့ပေါ်လာပြီ . . . (ပေါ်လာပါပြီဘုရား)။

ကြံချင်လို့ ကြံတာမဟုတ်ဘူးလို့ ဦးလှဘူးတို့ ဒကာကြွယ်တို့က မှတ်လိုက်စမ်းပါ (မှန်ပါ့) ဒီခန္ဓာကြီး စွန့်ပစ်ရရင် ဟိုခန္ဓာသူမရတော့ဘူး၊ သူတော့ ရဟန္တာဖြစ်နေပြီလို့ သူ့စိတ်ထဲမှာ တစ်ခါတည်း ဆုံးဖြတ်ချက်ချတယ် . . . (မှန်ပါ့)။

သူ့ဟာက ဘယ့်နှယ်ထင်ပါလိမ့် (ရဟန္တာ ဖြစ်နေပြီထင်ပါတယ်ဘုရား) ဒါနဲ့ ရှင်သာရိပုတ္တရာက စကားလွှဲပြီး ခပြောလိုက်တယ်၊ ငါ့ရှင်ဆန္ဒ ဒီလိုဓားနဲ့လှီးလို့တော့ဖြင့် မသေ

လိုက်ပါနဲ့၊ ခတ်စာမရှိလဲ ငါရှာပြီး ပြုပ့ါမယ်၊ ဆေးမရှိလဲ ငါပဲရှာပ့ါမယ်၊ ပြုစုမည့်သူမရှိလဲ ငါပဲ ကိုယ်တိုင်လာပြီး ပြုစုပ့ါမယ်၊ ဒီလိုသေကြောင်းတော့ မကြံပါနဲ့ . . . (မှန်ပ့ါဘုရား)။

ဒကာဒကာမတို့ ရှင်သာရိပုတ္တရာ ပြောပုံကနော် (မှန်ပ့ါ) ဆေးမရှိလဲသူရှာပေးမယ်၊ ခတ်စာမရှိလဲ သူရှာပေးမယ်၊ ပြုစုမည့်သူမရှိလဲ သူပြုစုပ့ါမယ်တဲ့၊ ကိုယ့်ဟာကိုယ် သေကြောင်းတော့ မကြံစည်ပါနဲ့လို့ တားဆီးလိုက်တယ် . . . (မှန်ပ့ါ)။

အရှင်ဘုရား . . . တပည့်တော်က ဒီလိုကိစ္စတွေကြောင့် မဟုတ်ပါဘူးတဲ့၊ ဆေးမရှိလို့လဲ မဟုတ်ပါဘူး၊ ခတ်စာမရှိလို့လဲ မဟုတ်ပါဘူး၊ ပြုစုမည့်သူမရှိလို့လဲ မဟုတ်ပါဘူး၊ တပည့်တော်သည် နောင်တစ်ဖန် ပဋိသန္ဓေမနေမည့် ပုဂ္ဂိုလ်မို့ လှီးချင်တာပါတဲ့ . . . (မှန်ပ့ါဘုရား)။

## သူ့ကိုယ်သူ ရဟန္တာလို့ထင်နေတယ်

ဒကာဒကာမတွေ သူ့ဟာသူ သူ့အထင်မှာတော့ ရဟန္တာဖြစ်နေပြီ . . . (မှန်ပ့ါ) လည်ပင်းလှီး သေပြားသော်လည်း ဒီခန္ဓာစွန့်ပြီး ဟိုခန္ဓာမရတော့ဘူး၊ ဒါကြောင့် သူ ရဲရဲတင်းတင်းပဲ လှီးတော့မယ်ဆိုတဲ့စိတ်ဟာ ပေါ်လာတယ် (မှန်ပ့ါ) ဒကာ ဒကာမတို့ သူ အားထုတ်ထားတဲ့ ဝိပဿနာ

ဉာဏ်ဟာ၊ မဂ်ဉာဏ် ဂုဏ်အောင်၊ မဂ်လေးပါးတောင် အကုန် ပြည့်စုံပြီဆိုတဲ့ အခြေ အနေမျိုး ရောက်အောင်၊ သူ့စိတ်ထဲမှာ ဖြင့် အထင်ကြီး လောက်အောင် အကြီးစား ဖြစ်နေခဲ့တယ် . . . (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

## ရဟန်းကိစ္စပြီးပြီလို့ယူဆ

ရဟန္တာဖြစ်ပြီလို့ သူ့စိတ်ထဲမှာ ဧကန်ယူထားတာပေါ့ ဗျာ (မှန်ပါ့) ဒီလို ယူထားတော့ ရှင်သာရိပုတ္တရာက သူ့ဟာသူ တော့ဖြင့် အတော်ပဲ အထင်ကြီးနေပြီ၊ ရဟန်းကိစ္စ ပြီးပြီလို့ ယူဆနေပြီ၊ မဂ်ကိစ္စ တစ်ဆယ့်ခြောက်ချက်လဲ လုပ်စရာမရှိ တော့ဘူး၊ ရဟန္တာဖြစ်စဉ်ဖြင့် ဧကန်တကယ် သူရောက်ပြီ ဆိုပြီး သကာလ လည်ပင်းလှီးမယ်လို့ ကြံစည်တာပဲ၊ သို့သော်လဲ သူ့ ဝိပဿနာဉာဏ်မြင်ပုံကလေးတော့ မေးကြည့်ဦးမယ် . . . (မှန်ပါ့)။

ဒကာဒကာမတို့ ဘာမေးကြည့်မှာတုံး (ဝိပဿနာဉာဏ် မြင်ပုံမေးမှာပါဘုရား) သူရဟန္တာဖြစ်ရန် ကျင့်တဲ့ ဝိပဿနာ မြင်ပုံလမ်းစဉ် ဟုတ်မဟုတ် နောင်လာ နောက်သားတွေလဲ မှတ်စေတော့ (မှန်ပါ့) အထက်ရဟန္တာကြီးက သူသာရဟန္တာ ဖြစ်ရင် ဒကာကြွယ် မသိဘဲ နေပါ့မလား . . . (မနေပါဘုရား)။

သို့သော်လဲ သူ့မြင်ပုံဟာ အမြင်မှန်လား . . . မြင်ပုံ

လိုသေးသလားဆိုတာ သိရအောင်၊ ရှင်ဆန္ဒ အထင်ကြီးနေတာလား၊ အဟုတ်ကို ရဟန်းကိစ္စ ပြီးနေတာလားဆိုတာ သိရအောင် ရှင်သာရိပုတ္တရာရဲ့ မေးပုံကလေးကို သတိထားရမယ် . . . (မှန်ပါ့ဘုရား)။

ဒီဝတ္ထုကို နာဖူးတဲ့ ပုဂ္ဂိုလ်များလဲ နာဖူးပါတယ် . . . (မှန်ပါ့ နာဖူးပါတယ်) မနာဖူးတဲ့ ပုဂ္ဂိုလ်တွေအတွက်လဲ ဩော်ငါတို့ ဝိပဿနာဉာဏ်ဟာ ဘယ်လို အခြေအနေရောက်မှ ဆုံးတယ်ဆိုတာလဲ ပေါ်လာအောင် ဒကာဒကာမတို့ ဒီဥစ္စာ ေလးလေးစားစားနဲ့ အလုပ်စခန်းနဲ့ မှတ်ရတော့မယ် . . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ရမှာတုံး . . . (အလုပ်စခန်းနဲ့ မှတ်ရမှာပါ)။

အဲဒါ သူ့ဝတ္ထုကို ဒကာဒကာမတွေ နားထောင်ပြီးတော့ ဩော် . . . သူမြင်ပုံဟာ အမှန်သားပဲ၊ တို့မြင်ပုံနဲ့ ကိုက်-မကိုက်လဲ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက နှိုင်းချိန်ကြည့်တာပေါ့ . . . (မှန်ပါ့) အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်ကလဲ ဒီအတိုင်းပဲ အားထုတ်တာပေါ့ဆိုတာ ဘုန်းကြီးက ဖြည့်စွက်သတိပေးပါတယ် . . . (မှန်ပါ့ဘုရား)။

အားထုတ်ပြီးသား ပုဂ္ဂိုလ်က ဒီအတိုင်းမြင်လို့ရှိရင် အမြင်မှန်နေပြီ . . . (မှန်ပါ့) အားမထုတ်သေးတဲ့ ပုဂ္ဂိုလ်က

အခု အမြင်မှန်ကို ပြောသဖြင့် ဒီအမြင်မှန်ရအောင် တို့က ကြိုးစားမယ်. . . (မှန်ပါ့) အဲဒါ အားလုံးတရားနာတဲ့ ဒကာ ဒကာမတွေ နည်းယူဖို့ဟောတဲ့ ဥပရိပဏ္ဏာသပါဠိတော်မှာ လာတဲ့ ဆန္ဒသုတ်ဆိုတဲ့ ဥစ္စာကို ဒကာဒကာမတို့ သေသေ ချာချာမှတ်ဖို့ ကောင်းပါတယ် (မှန်ပါ့ဘုရား)။

## ဒီတရားကို လေးလေးစားစားမှတ်ပါ

ရှင်းရှင်းလင်းလင်းဖြစ်အောင်လဲ ပြောပါ့မယ်၊ ဘုန်းကြီး ဖြည့်စွက်ပြောတန်သမျှလဲ ပြောပါ့မယ်၊ ရှင်သာရိပုတ္တရာက မေးလို့ ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်က ဖြေတာတွေလဲ ပါ-ပါလိမ့် မယ် . . . (မှန်ပါ့) အဲဒါကြောင့် ပေါ့ပေါ့တန်တန်နဲ့ မမှတ်ဘဲနဲ့ လေးလေးစားစားနဲ့ ဒီတရားကို မှတ်စမ်းပါ ဆိုတာကိုပဲ၊ တွင်းမှ မတူးတတ်တဲ့ ပုဂ္ဂိုလ်ကို တူးတတ်တဲ့ ပုဂ္ဂိုလ်က အောင်းဖို့ရာ နည်းပေးတာကိုဖြင့်၊ ခင်ဗျားတို့ ကြိုးကြိုးစားစားနဲ့ အောင်းရ လိမ့်မယ် . . . (မှန်ပါ့ဘုရား) မအောင်းထိုက်ဘူးလား (အောင်း ထိုက်ပါတယ် ဘုရား)။

ကိုင်း. . . ဒကာ ဒကာမတို့ တရားထဲ လေးစားတဲ့စိတ် ရှိပလား (ရှိပါပြီ) ရှင်သာရိပုတ္တရာကမေးတော့ သူကလည်း သူ့ကိုယ်သူ ရဟန္တာဖြစ်ပြီ၊ နောက် ပဋိသန္ဓေမနေရမည့် ပုဂ္ဂိုလ်ပါ ဘုရားလို့ စိတ်ကူးပါတယ်ဆိုတော့။ ကဲ ငါ့ရှင် တရားကလေး

တစ်ခု မေးချင်တယ်တဲ့၊ တရားလေးတစ်ခု မေးချင်တယ်တဲ့ ဒကာဒကာမတို့ (မှန်ပါ့) တရားကလေး မေးချင်တယ်ဆိုတော့ စာအတိုင်း ပြောသွားလို့ ဒကာ ဒကာမတွေ နားလည်မှာ မဟုတ်လို့ ပုံစံချပြမယ်နော် . . . (မှန်ပါ့ ဘုရား)။

## ကြိုးကြိုးစားစားနာပါ

တရားကလေးတစ်ခု မေးချင်တယ်ဆိုတော့. . . မေးပါဘုရား ဆိုတော့ သူ့အမြင်ဟာ အတော်မှန်ကန်၍ သူအထင်ကြီးမည်ဆိုလျှင်လည်း ကြီးလောက်သည့်အမြင်ပဲဆို တာ ဒကာ ဒကာမတွေ မှတ်ရလိမ့်မယ်. . . (မှန်ပါ့) ဒါကြောင့် ကြိုးကြိုးစားစားကလေး မှတ်ပြီးသကာလ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿသိမ်းတဲ့အမြင်ကိုဖြင့်၊ ငါတို့အတွက် အတော် အရေးကြီးတဲ့ အမြင်ပါကလား. . . ဒီအမြင်မှန်ရအောင် ငါတို့ ကြိုးစားရမှာပဲဆိုတဲ့စိတ်မွေးပြီး နာရမယ်. . . (မှန်ပါ့) မနာရ ပေဘူးလား. . . (နာရပါတယ်) အပါယ်လေးပါး တံခါးပိတ်တဲ့ အမြင်ကိုးဗျ. . . (မှန်ပါ့ဘုရား)။

## ငါ့ကိုယ်၊ ငါ့ဟာလို့ ခွဲသေးသလား

ငါ့ရှင် ဆန္ဒ ငါမေးစမ်းပါရစေ၊ အဆင်းကလေးတစ်ခု ရှိတယ်၊ ဟောဒီမှာ မြင်တဲ့ ရုပ်ကလေးလည်းရှိတယ်၊ အဆင်း

ရုပ်နဲ့ မြင်ရုပ်နဲ့ နှစ်ခုတည့်တဲ့အခါ မြင်စိတ်ကလေး မပေါ်ဘူးလား. . . (ပေါ်ပါတယ်) ဒါဖြင့် 'စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ". . . ပါဠိတော်နဲ့ ကိုက်နေတယ်. . . (မှန်ပါ့ဘုရား)။

အဲဒီသုံးခုတို့သည်ကားလို့ ဆိုလို့ရှိရင် "ဧတံမမ - ဧသောဟမသ္မိ ဧသော မေအတ္တာ" ဆိုတဲ့ အခြင်းအရာ သုံးမျိုးဖြင့် စွဲလမ်းပါသလားတဲ့. . . (မှန်ပါ့) စာလိုပြောတော့ ဒကာ ဒကာမတွေ နားမလည်မှာ စိုးရတယ်။ ဒါကြောင့် နားလည်အောင်ပြောလိုက်တော့ ဒီသုံးခုကို တစ်ခုခုကြည့်ပြီး သကာလ ငါ့ကိုယ်ငါ့ဟာ ငါ့ဥစ္စာလို့ စွဲသေးသလားတဲ့. . . (မှန်ပါ့) မစွဲပါဘုရားလို့ ပြန်လျှောက်တယ် (မှန်ပါ့ဘုရား)။

## တဏှာ၊ မာန၊ ဒိဋ္ဌိပြုတ်တဲ့အမြင်

ဒကာ ဒကာမတို့ အဆင်းကိုလည်း ငါ့ကိုယ်ငါ့ဟာ ငါ့ဥစ္စာလို့ မစွဲပါဘူးတဲ့၊ မြင်တဲ့ရုပ်ကလေးကိုကော. . . (ငါ့ကိုယ် ငါဟာ ငါ့ဥစ္စာလို့ မစွဲပါဘုရား) မြင်တဲ့ စိတ်ကလေးကိုကော (ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ မစွဲပါဘုရား) မစွဲဘူးတဲ့ ဒါဟာ ရှင်ဆန္ဒမြင်တဲ့ အမြင်နော်. . . (မှန်ပါ့) အသံနားထောင်ကြည့်စမ်းပါ. . . ငါ့ကိုယ်ဆိုတာက တဏှာ၊ ငါ့ဟာဆိုတာက မာန၊ ငါ့ဥစ္စာဆိုတာက ဒိဋ္ဌိ၊ အဲဒီတော့ တဏှာမာန ဒိဋ္ဌိပြုတ်တဲ့ အမြင်ဗျ. . . (မှန်ပါ့ဘုရား)။

သူ ဝိပဿနာရှုပါတယ်တဲ့၊ ရှုတဲ့အခါကျတော့ ဒီဥစ္စာတွေဟာ ဖြစ်ပြီးပျက်တာတွေ ဖြစ်ပြီး ပျက်တာတွေပဲ၊ အဆင်းကလည်း ဖြစ်ပျက်ပဲ၊ မျက်လုံး ရုပ်ကကော (ဖြစ်ပြီး ပျက်ပါတယ်ဘုရား) မြင်စိတ်ကလေးကကော. . (ဖြစ်ပြီး ပျက်ပါတယ်ဘုရား)။

ဒကာ ဒကာမတွေကတော့ ကြိုက်ရာရှုပေါ့ဗျာ. . . (မှန်ပါ့) စိတ္တာနုပဿနာဆိုရင် မြင်စိတ်ရှု၊ ရုပ်ရှုရင် အဆင်းရုပ်နဲ့ မြင်ရုပ်ကိုရှုပေါ့. . (မှန်ပါ့ဘုရား)။

အဲဒါတွေ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ စွဲသေးသလားလို့ မေးတော့ ဒါတွေဟာ တပည့်တော် သုံးခုစလုံးကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဆိုတဲ့ တဏှာမာန ဒိဋ္ဌိနဲ့ မစွဲပါဘုရားတဲ့. . . (မှန်ပါ့ဘုရား)။

## ဖြစ်ပျက်မြင်လို့မစွဲတာပါ

ဒါတွေကို သူဘယ့်နှယ်ကြောင့် မစွဲတယ်ဆိုတာလဲ ဒကာ ဒကာမတွေ ရိပ်မိကြပါပြီ (ရိပ်မိပါပြီဘုရား) ဖြစ်ပျက်မြင်လို့ အပျက်မြင်လို့ မစွဲတာ (မှန်ပါ့) အဆင်းရုပ်ကြည့်လိုက်ပြန်လည်း ဘာတုံး (ဖြစ်ပြီးပျက်တာပါပဲ) အနိစ္စပဲ မြင်လိုက်တယ် (မှန်ပါ့) မြင်စိတ်ကလေး ကြည့်လိုက်ပြန်တော့ကော (ဖြစ်ပြီး ပျက်သွားတာပါပဲ) ဖြစ်ပျက် အနိစ္စပဲ သူမြင်လိုက်ဘယ်. . (မှန်ပါ့ဘုရား)။

မြင်ရုပ်ကလေးကြည့်လိုက်ပြန်တော့ကော (ဖြစ်ပျက် အနိစ္စပဲ မြင်ပါတယ်) သူတို့က အနိစ္စ၊ မြင်တာက မဂ္ဂ ဖြစ်နေ တော့ တဏှာလည်း အလိုလိုသေနေတယ် (မှန်ပါ့) မာနက ကော (သေပါတယ်) ဒိဋ္ဌိကကော (သေပါတယ်ဘုရား) ဒါကြောင့် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ တပည့်တော် မထင်ပါဘူး ဘုရား၊ ဖြစ်ပြီး ပျက်သွားတာ မြင်နေလို့တဲ့. . . (မှန်ပါ့ဘုရား)။

## မြင်တာကမဂ္ဂသစ္စာ

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှုပုံနဲ့လည်း ကိုက်ပါတယ်၊ ဘယ်စိတ်ကလေးလာလာ ခင်ဗျားတို့ ဘာတွေ့ ကြသတုံး. . . (ဖြစ်ပျက်ပဲ တွေ့ပါတယ်) ဖြစ်ပျက်ပဲ တွေ့တာပဲ ဆိုတော့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မြင်တာက မဂ္ဂသစ္စာ ဒါ. . . တွင်းအောင်းကြတာကိုးဗျ. . . (မှန်ပါ့ဘုရား)။

ဒီလိုသိတဲ့ ပုဂ္ဂိုလ်ကျတော့ ဩော်. . . ရှေ့က ဒုက္ခ နောက်က မဂ္ဂ. . . (မှန်ပါ့) ဒုက္ခသစ္စာကို မဂ္ဂသစ္စာက သိပြီး သကာလ နေတော့၊ နောက်က တဏှာ မာန ဒိဋ္ဌိဆိုတဲ့ သမုဒယသစ္စာ သုံးခုဟာ သေနေတယ်. . . (မှန်ပါ့) မသေ လားဗျာ. . . (သေပါတယ်ဘုရား)။

## တို့အမြင်သည် အမြင်မှန်

တဏှာ မာန ဒိဋ္ဌိဆိုတဲ့ သမုဒယသစ္စာသုံးခု သေတယ်

ဆိုတာ သဘောကျပလား. . . (ကျပါပြီ) အဲဒါ သဘောကျ တော့မှ ဒကာ ဒကာမတွေ စဉ်းစားမိပြီ၊ ဪ. . . ဒါဟာ တို့. . . ဆရာသမားပြောတဲ့အတိုင်း မှတ်ပြီးတော့ အားထုတ် လိုက်တာ တို့အမြင်သည် အမြင်မှန်ပါကလားလို့ ဆုံးဖြတ်ချက် ချပါ (မှန်ပါ့ဘုရား)။

ထို့အတူပဲ အသံရယ်၊ နားရယ်၊ ကြားစိတ်ရယ်၊ ဒီသုံးခု ကို ဘယ်လိုများ မြင်ပါလိမ့်မလဲ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့များ စွဲသေးသလားလို့ မေးလိုက်ပြန်တယ်၊ မစွဲပါဘုရားတဲ့ (မှန်ပါ့) ဒကာသစ် ဘယ့်နှယ်ကြောင့် မစွဲပါလိမ့် (ဖြစ်ပြီးပျက်သွားတာ မြင်လို့ပါဘုရား) တရားတစ်ပွဲလုံး ဒကာ ဒကာမတွေ ဘယ်လို ဖြေကြပ့ါမလဲ. . . (ဖြစ်ပြီးပျက်တာ မြင်လို့ပါဘုရား) အဲ ဖြစ်ပြီး ပျက်တာ မြင်လို့ရှိရင်ဖြင့် ဘယ်နည်းနဲ့မှ မစွဲဘူးတဲ့. . . (မှန်ပါ့ ဘုရား)။

ဥပမာမယ်. . . ဒီကြားစိတ်ကလေးဗျာ၊ ကြားစိတ် ကလေးဟာ ကြားပြီးပျက်သွားတာပဲလို့၊ ဒီကနေ နောက်ကနေ မဂ်နဲ့ရှုလိုက်တဲ့အခါကျတော့၊ ဒကာ ဒကာမတွေ ဒီကြား စိတ်ကလေးဟာ ဖြစ်ပြီးပျက်သွားတာ သေသေချာချာသိတော့၊ နဂိုတုန်းက ကိုယ့်သန္တာန်ပေါ်လာလို့ ကိုယ့်ဝိညာဏက္ခန္ဓာ ထင်တာကလေးဟာ အခုတော့ဖြင့် အကြောင်းနှစ်ခု တိုက်ဆိုင် လို့ ဖြစ်ပေါ်လာပြီး ပျက်သွားတာ သိလိုက်တဲ့အတွက် ငါ့ကိုယ် ငါ့ဟာလို့ဆိုလို့ ရသေးရဲ့လား. . . (မရပါဘုရား) ငါ့ကိုယ်

ငါ့ဟာလို့ ဆိုလို့မရတာ ရှုလိုက်တဲ့အတွက် မဂ်လာလို့ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဆိုတာက ဝင်ခွင့်ကို မရဘူး (မှန်ပါ့) ဒကာကြွယ် ရသေးရဲ့လား. . . (မရပါဘုရား)။

## အိမ်ရောက်ရင် ရှုဖြစ်အောင်ရှုစမ်းပါ

ဒါကြောင့် ဖြစ်ပျက်ဟာ ဒကာ ဒကာမတို့ စကားလို သုံးလိုက်တော့ အနိစ္စဆိုလည်း ဖြစ်ပျက်ပဲ. . . (မှန်ပါ့) ဒုက္ခ ဆိုတာလည်း (ဖြစ်ပျက်ပါပဲ) အနတ္တဆိုတာလည်း (ဖြစ်ပျက်ပါ ပဲ) ဒုက္ခသစ္စာဆိုတာကော (ဖြစ်ပျက်ပါပဲ) အဲဒါကြောင့် အိမ် ရောက်လို့ရှိရင် ရှုဖြစ်အောင် ရှုစမ်းပါ. . . (မှန်ပါ့) ဟာ. . . ဒါဘာတုံးလို့ဆိုရင်ဖြင့် ငါ တွင်းအောင်းတာ. . . (မှန်ပါ့ ဘုရား)။

တွင်းအောင်းတာ ဘာတုံးဆိုတော့ ကြွက် တွင်းအောင်း လို့ရှိရင် အန္တရာယ်ကင်းတယ်. . . (မှန်ပါ့) တို့မှာလည်း ဖြစ်ပျက်ရှုနေလို့ရှိရင်ဖြင့် နိဗ္ဗာန်တည်းဟူသော ရန်သူမျိုးငါးပါး တို့၏ ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကို တို့အောင်းနေတာပဲဆိုပြီး သကာလ အားလုံး တရားနာတဲ့ ဒကာ ဒကာမတွေ အန္တရာယ် ကင်းချင်ရင် ဒါသာရှုနေ. . . (မှန်ပါ့) အန္တရာယ်ကင်းချင်ရင် ဒါပဲ ကြိုးစားရှုပါ ဆိုတာကို သတိပေးလိုက်ပါတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

တဏှာမာန ဒိဋ္ဌိလာသေးရဲ့လား. . . (မလာပါဘုရား)

အဲ တဏှာမာန ဒိဋ္ဌိမလာကတည်းကိုက ဒကာ ဒကာမတွေ နှိပ်စက်မည့် ရန်သူတွေ အကုန်သေပြီ. . . (မှန်ပါ့) တဏှာ ရှိရင် ခင်လို့ ပူလိမ့်မယ်၊ မာနရှိလို့ရှိရင် ငါ အောက်ကျလိမ့်မယ် စသည်တွေ လာလိမ့်မယ်၊ ဒိဋ္ဌိရှိလို့ရှိရင် ငါမှ ဖြစ်ရလေခြင်းက ကော. . . (လာမှာပါဘုရား) အဲဒါတွေ အကုန်ဖြုတ်ချလိုက် တော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿကို ဒီမဂ်ကနိုင်တယ် (မှန်ပါ့) ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက. . . (မဂ္ဂသစ္စာပါ ဘုရား)။

အဲ. . . မဂ္ဂသစ္စာ သိလိုက်တော့ ခုနင်က ပြောခဲ့တဲ့ တဏှာတည်းဟူသော ခင်မှုကြောင့် စိုးရိမ်သောကတွေကော (မလာပါဘုရား) မာနတည်းဟူသော ထောင်လွှားမှုကြောင့် ငါဖြင့် အခုအောက်ကျတော့မယ်ဆိုတဲ့ ဒေါမနဿတွေကော (မလာပါဘုရား) ဒိဋ္ဌိတည်းဟူသော တရားရှိနေလို့ရှိရင် ငါတော့ ဖြင့် အခက်ကြုံပေါ့ ဆိုတာကော မလာဘူးလား. . . (လာပါ တယ်) အဲဒါ တွင်းမအောင်းတဲ့ ပုဂ္ဂိုလ်မှာ ဒါချည့်လာမှာပဲ (မှန်ပါ့) ဖြစ်ပျက်ရှုတဲ့ပုဂ္ဂိုလ်ကျတော့. . . (မလာပါဘုရား) ဒါတွေ မလာတော့ဘူးဆိုတာ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

## ဘုန်းကြီးက အိုတော့အိုပြီ

အေး. . . ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ

မှာ. . . သာသနာတွင်း ကြံ့ရ၊ ဆရာသမားများနဲ့ကြံ့ရ၊ ဒီလို အချိန်ကောင်းကလေးကြံ့ရ၊ အချိန်ကောင်းဆိုတာ ခင်ဗျား တို့လည်း မနာမဖျားကြသေးလို့၊ မသေကြသေးလို့၊ ဒီကိုလာနိုင် ကြပြီး ဒီလိုပဲ နာနိုင်ကြတယ်၊ ဆရာဘုန်းကြီးကလည်း အိုတော့ အိုပြီ၊ နာတာကတော့ မလဲသေးဘူး၊ မသေသေးလို့ တွင်းတူးပေး နေတယ်၊ ခင်ဗျားတို့ အောင်းရအောင် . . . (မှန်ပါ့ဘုရား)။

ဆရာဘုန်းကြီးက ဘာတုံး. . . (တွင်းတူးပေးနေပါ တယ်ဘုရား) ခင်ဗျားတို့က ဘာတုံး. . . (အောင်းရမှာပါ ဘုရား)။

အဲဒီတော့ တွင်းတူးပေးနေတဲ့ ပုဂ္ဂိုလ်က တွင်းတူးပေး နေလို့မှ ကိုယ့်အန္တရာယ်ကင်းတဲ့နေရာ မအောင်းဘူးဆိုရင် ဒီကြွက်ထက် မိုက်တာတော့. . . (မရှိပါဘုရား) သဘောပါ ကြပလား. . . (ပါ, ပါတယ်ဘုရား)။

## ကိုယ့်အရေးကိုယ်သိပါ

ဒါကြောင့် ကိုယ့်အရေး ကိုယ်သိပါတော့၊ ကျန်းမာချင် လိုက်တာ၊ ချမ်းသာချင်လိုက်တာတော့ လွန်လို့. . . တွင်းတော့ မအောင်းချင်ဘူးဆိုရင် ဘယ်မှာသာလျှင် အန္တရာယ်ကင်းလို့ ဘေးရှင်းနိုင်ကြပါ့မလဲ. . . (မရှင်းနိုင်ကြပါဘုရား) မယုံရင် သက်တွေ့လုပ်ကြည့်ပါ. . . (မှန်ပါ့) ပဋ္ဌာစာရီ ရှုးနေတဲ့ သောက ပရိဒေဝဟာ တစ်ခါတည်း ဖြစ်ပျက် ရှုချလိုက်တာ

ဖြစ်ပျက်မြင်လာတော့ အဝတ်တွေ ကောက်ဝတ်လာတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ အရှုးဝေဒနာတွေ၊ အနှမ်းဝေဒနာတွေ အကုန်ပျောက်နိုင်တယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်)။ အဲဒါ သောကရှူး၊ ပရိဒေဝရှူးတွေ အကုန်ပျောက်နိုင်တာ သိလျက်သားနဲ့၊ လုံခြုံတဲ့တွင်းကိုဖြင့် သောကပရိဒေဝငြိမ်းတဲ့ တွင်းကိုဖြင့် အောင်းဖြစ်အောင် အောင်းပါဆိုတာ ရှုဖြစ်အောင် ရှုပါလို့ အားလုံးပဲ တိုက်တွန်းပါတယ် (မှန်ပါ့ဘုရား)။

နို့မဟုတ် ခင်ဗျားတို့ အိပ်ရာထဲ ရောက်ပြီဆိုမှဖြင့် တွေးချင်တာတွေးလို့ ဆွေးချင်တာ ဆွေးနေတာ လာကြပြီ (မှန်ပါ့) ဘာမှ အသုံးမကျတာတွေနော်. . . (မှန်ပါ့ဘုရား)။

## ပေါ်တဲ့စိတ် ဖြစ်ပျက်ရှုပါ

အဲဒီတော့ အိပ်ရာထဲ ရောက်တယ်ဆိုရင်ဖြင့် အခု ဘယ်စိတ်ပေါ်သလဲ၊ ပေါ်တဲ့စိတ် ဖြစ်ပျက်ရှုချ၊ ထိနမိဒ္ဓ ပေါ်ရင် ထိနမိဒ္ဓဖြစ်ပျက်ရှုချပါ. . . (မှန်ပါ့) စိတ်ပျံ့လွင့်တယ်ဆိုရင်ကော. . . (ပျံ့လွင့်တဲ့စိတ် ဖြစ်ပျက်ရှုရပါမယ်) ပျံ့လွင့်တဲ့ ဥဒ္ဓစ္စကိုပဲ ဖြစ်ပျက်ရှုချ. . . (မှန်ပါ့) သို့လော သို့လော တွေးနေပြန်လို့ ရှိရင်ကော. . . (တွေးတဲ့စိတ် ဖြစ်ပျက်ရှုရပါမယ်) အဲဒါ တွင်းအောင်းတာပဲ. . . (မှန်ပါ့ဘုရား)။

သူတို့ ရှေ့ကို ဆက်နိုင်သေးရဲ့လား. . . (မဆက်နိုင်ပါ ဘုရား) မဆက်နိုင်လို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ၌ အေးချမ်းမသွားဘူးလား. . . (အေးချမ်းသွားပါတယ်) အဲ. . . အခု ရှုနေတုန်း အေးချမ်းစ၊ ရှုလို့များ ဒီဟာတွေ အကုန် ချုပ်ငြိမ်းရင်ဖြင့် တစ်ခါတည်း အေးချမ်းအကြီးဆုံး ရပါ လိမ့်မယ်. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ ကိုယ့်အရေး ကိုယ်သိကြ ပလား (သိပါပြီဘုရား) ကိုယ့်သောက ပရိဒေဝ ငြိမ်းဖို့အရေး ဟာဖြင့် ကိုယ့်အရေးပဲ. . . (မှန်ပါ့) ကိုယ့်သောက ပရိဒေဝ ငြိမ်းအောင်ဆိုတာ ကိုယ့်သန္တာန်ပေါ်တဲ့စိတ်ကို ကိုယ်ရှု. . . (မှန်ပါ့) ကိုယ့်သန္တာန်ပေါ်တဲ့ ဝေဒနာကို. . . (ကိုယ်ရှုပါမယ် ဘုရား)။

ရှုလိုက်လို့ရှိရင် အရှုခံရတာက ဒုက္ခသစ္စာ၊ ရှုဉာဏ်က (မဂ္ဂသစ္စာပါဘုရား) သောက ပရိဒေဝငြိမ်းတာက သမုဒယ သေတာ. . . (မှန်ပါ့) ငြိမ်းပြီးသကာလ ချမ်းသာအစစ်ကိုယ် ပိုင် ရတာက နိရောဓသစ္စာ. . . (မှန်ပါ့) အဲဒီမှာ အောင်းမိ ပါတယ် (မှန်ပါ့ဘုရား)။

## ဒီအလုပ်လုပ်ဖြစ်ဖို့ စိတ်ကူးပါ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘာမှ မပူပါ နဲ့၊ ဒီအလုပ် လုပ်ဖြစ်ဖို့ပဲ စိတ်ကူးပါ၊ ဒါမလုပ်ရသေးလို့ရှိရင်

အဲဒါကို အပူကလေးထားပါ. . . (မှန်ပါ့) ဒါမလုပ်ရသေးလို့ ရှိရင်ဖြင့် တွင်းကို မအောင်းရသေးဘူး၊ ဘယ်မှာ အန္တရာယ် ကင်းလိမ့်မတုံး (မှန်ပါ့) တွင်းအောင်းဆိုတာ ပေါ်တဲ့စိတ်ကို ဖြစ်ပျက်ရှုပြီး အသာကလေးနေရုံကလေးဟာ တွင်းအောင်းတာ ပါပဲ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေ ခူးထားတဲ့ ထမင်းကို စားရုံကလေး ပျင်းတာကတော့ လွန်လွန်းတယ်လို့ ဆိုရလိမ့်မယ် (ဆိုရမှာပါဘုရား) စပါးကနေပြီး ဆန် ဖြစ်အောင်လုပ်၊ ဆန်က နေပြီး သကာလ ထမင်းဖြစ်အောင်လုပ်၊ စားပွဲပေါ် ရောက်အောင် ပို့ပြီးတာတောင်မှ စားဖို့ရာ ပျင်းလှသေးတယ် ဆိုလို့ရှိရင် ဒကာသစ် မကောင်းတော့ပါဘူး. . . (မှန်ပါ့) အင်မတန် ဆိုးရွားတဲ့ အဓိပ္ပါယ်ထဲ ကိုယ်ပါသွားတယ်. . . (မှန်ပါ့) မပါပေဘူးလား. . . (ပါ, ပါတယ်ဘုရား)။

## နှစ်ပေါင်းသုံးလေးဆယ်တူးထားတဲ့တွင်း

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒီဥစ္စာ ကြပ်ကြပ် ဂရုစိုက်ပြီးသကာလ၊ ဩော်. . . တို့ဆရာဘုန်းကြီး တူးထား တာ နှစ်ပေါင်း သုံးလေးဆယ်တွင်းကို၊ ငါတို့ အန္တရာယ်ကင်း ဘေးကင်းအောင် ခိုင်းတဲ့ဥစ္စာ၊ ငါတို့က စွန်တို့၊ သိမ်းတို့၊ ကြောင် တို့၏ အစာဖြစ်အောင် ငါတည်းဟူသော ကြွက်ဟာ မိုက်အား သန်လှချည့်လားလို့ ကိုယ့်ကိုယ်ကို အပြစ်တင်ပြီး အောင်း ဖြစ်အောင် အောင်းပါ (မန်ပါ)။

## အောင်းဖြစ်အောင်အောင်းပါ

ကိုင်း. . . ဒါနဲ့ ဒကာ ဒကာမတို့ တွင်းအောင်းတဲ့ နည်းရပလား. . . (ရပါပြီဘုရား) တွင်းအောင်းတယ်ဆိုတာ ဘာပါလိမ့် (ဖြစ်ပျက်ရှုတာပါ) ဖြစ်ပျက်ရှုပြီးသကာလနေတော့ သောက ပရိဒေဝတွေ ဘယ့်နှယ်နေသတုံး. . . (ချုပ်ပါတယ် ဘုရား) ဒုက္ခ ဒေါမနဿတွေကော (ချုပ်ပါတယ်ဘုရား)။

ဩော်. . . . ဒါဖြင့် ကျုပ်မှာ သောကများလွန်းလို့ ဝိပဿနာ မရှုနိုင်ဘူးလို့ မလုပ်ပါနဲ့ (မှန်ပါ့) ဒုက္ခများလွန်းလို့ ဝိပဿနာမရှုနိုင်ဘူးလို့ မလုပ်ပါနဲ့. . . (မှန်ပါ့) ပရိဒေဝများ လွန်းလို့ ဝိပဿနာ မရှုနိုင်ဘူး မလုပ်ပါနဲ့. . . (မှန်ပါ့) ဝိပဿနာရှုဖြစ်အောင်ရှု လာတာကို ဝိပဿနာရှု သောကလာ ရင် သောကရှု၊ ပရိဒေဝလာရင်. . . (ပရိဒေဝရှုရပါမယ် ဘုရား)။

ဒုက္ခလာရင်. . . (ဒုက္ခရှုရပါမယ်) ဒေါမနဿလာရင် (ဒေါမနဿရှုရပါမယ်) ဥပါယာသလာရင်. . . (ဥပါယာသ ရှုရပါမယ်) ပုထုဇဉ်သန္တာန်မှာ ပေါ်တဲ့စိတ်တွေကိုး (မှန်ပါ့) အဲဒါတွေ အကုန်ရှုလိုက်လို့ရှိရင်ဖြင့် ဒါတွေ အကုန် မငြိမ်း ဘူးလား (ငြိမ်းပါတယ်) ဘယ့်နှယ်ကြောင့် ငြိမ်းသတုံးဆိုတော့ သူတို့က ဒုက္ခ သစ္စာ၊ ရှုတာက. . . (မဂ္ဂသစ္စာပါ) အေးချမ်း သွားတာက သမုဒယသေတာ. . . (မှန်ပါ့) တကယ်တမ်း ကိစ္စ ပြီးသွားတာ နိရောဓသစ္စာ. . . (မှန်ပါ့) သဘောပါကြပလား

(ပါ, ပါပြီဘုရား)။

အဲဒီတော့ ဘယ်ကနေ ရှုရှုရတာပဲ "ဧကောဓမ္မောပဲ" တဲ့၊ "ဧကောဓမ္မော" ဆိုတာက ဖြစ်ပျက်ကလေး တစ်ခုတည်း ထိုင်ထားရင် ပြီးတာပဲ. . . (မှန်လှပါ) ဒိပြင် ဘာများ ရှိသေး သတုံး. . . (မရှိပါဘုရား)။

## ရှင်ဆန္ဒဖြေတာ၊ အတုခိုးစရာ

ကိုင်း. . . ဒါနဲ့ ဒကာ ဒကာမတွေ ရှင်ဆန္ဒဖြေတာက အတုခိုးစရာကလေးနော်. . . (မှန်ပါ့) အတုခိုးစရာကလေး ရှင်သာရိပုတ္တရာက မေးလို့ ရှင်ဆန္ဒကဖြေလိုက်တာ. . . (မှန်ပါ့) တပည့်တော် ဘာမှ မတွေ့ဘူး ဘုရားတဲ့၊ ဝေဒနာလည်း မတွေ့ဘူး၊ စိတ်လည်း မတွေ့ဘူး၊ ရှုလိုက်ပြီဆိုမှဖြင့် ကုန်တာ ပျက်တာကလေးချည့် တွေ့တာပဲတဲ့. . . (မှန်ပါ့) "**နိရောဓံ ဒိသွာ နိရောဓံအဘိညာ**" ကိုး. . . (မှန်ပါ့) နိရောဓံ = ချုပ် ပျောက်သွားတာကို၊ ဒိသွာ = မြင်၍၊ နိရောဓံ = ချုပ်ပျောက် ကုန်သွားတာကို၊ အဘိညာယ = သိ၍. . . (မှန်ပါ့) ဒါပဲ မြင်ပါ တယ်ဆိုတော့ ဒကာသစ် အမြင်ကတော့ မှန်နေပြီ. . . (မှန်ပါ့) နောက်က ဒကာ ဒကာမတွေ (အမြင်မှန်ပါတယ်ဘုရား)။

## ကုန်တာပျောက်တာမြင်အောင်ကြည့်

အဲ. . . ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်း

ဝိပဿနာရှုတဲ့အခါမှာ ကုန်သွားပြီ၊ ပျောက်သွားပြီ၊ ရှုလိုက်တိုင်း ရှုလိုက်တိုင်း ရှုစရာကလေးဟာဖြင့် ကုန်သွားပြီ၊ ပျောက်သွားပြီ၊ နောက်တစ်ခါ ပေါ်လာတာလည်း ကုန်တာပဲမြင်တာပဲ (မှန်ပါ့) နောက်တစ်ခါ ပေါ်လာတာကော (ကုန်တာပဲ မြင်ပါတယ်ဘုရား)။

## ရဟန္တာဖြစ်မည့် ရှင်ဆန္ဒအမြင်

ကုန်တာပျောက်တာချည့် မြင်အောင်သာ ကြည့်နေလို့ ရှိရင်ဖြင့် ကုန်တာ ပျောက်တာဟာ ဒုက္ခသစ္စာ၊ မြင်တာသည် (မဂ္ဂသစ္စာပါ) အဲဒီကဲ့သို့ ဒကာ ဒကာမတွေ ရှုမြဲတိုင်းရှု၊ ရှုမြဲတိုင်းရှု၊ အဲဒါဟာ အရှုမှန်ပဲ (မှန်ပါ့) ရဟန္တာဖြစ်မည့် ရှင်ဆန္ဒအမြင်ပါ ဒကာ ဒကာမတို့ (မှန်ပါ့) ရဟန္တာ ဖြစ်နိုင်သည့် အမြင်ပါ၊ အင်မတန်မှ မှန်ကန်တဲ့ ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်၏ အမြင်ဆိုတာ ဒကာကြွယ်သေချာပလား (သေချာပါပြီဘုရား)။

အဲဒါကြောင့် တပည့်တော်တို့ ဘယ်လိုများ လုပ်ရမှာတုံးလို့မေးတော့ ကုန်တာ ပျောက်တာ မြင်အောင်ကြည့်ပါ (မှန်ပါ့) စိတ်ရှုတဲ့ ပုဂ္ဂိုလ်ဟာ တွေ့မှဥ်သာ လမ်းမဆုံးစေနဲ့၊ ဘယ်စိတ်နဲ့မှ လမ်းမဆုံးစေနဲ့၊ ဘာတွေ့အောင်လုပ်ရမလဲ (ကုန်တာပျောက်တာတွေ့အောင် လုပ်ရပါမယ်ဘုရား)။

ကုန်တာ ပျောက်တာ မြင်အောင်ကြည့်ပါ. . . (မှန်ပါ့) ကုန်တာ ပျောက်တာ မြင်အောင်ကြည့်တယ်ဆိုတဲ့ သဘောဟာ

ဒကာသစ် သိပ်အဖိုးတန်ပါကလား (တန်ပါတယ်ဘုရား) ဘာကြောင့် ဆရာဘုန်းကြီးက အဖိုးတန်ပါတယ်လို့ ပြောရသတုံးမေးတဲ့အခါကျတော့ ရှိရာက ကုန်သွားတာကိုး (မှန်ပါ့ဘုရား)။

## ရှိရာက မရှိတာ

ဘယ်လိုဘာလိမ့် (ရှိရာက ကုန်သွားလို့ ပါဘုရား) မရှိတာကို ကုန်တာ ပျောက်တာ မြင်တာမှ မဟုတ်ဘဲ၊ ခုနင်က ဒီနေရာကလေးမှာရှိတယ်၊ အခု မရှိတော့ဘူးဆိုတော့ ကုန်တာပဲ မဟုတ်လား (မှန်ပါ့) ပျောက်တာလည်း (ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ရှိတာကလေး ခုနင်က ဒီနေရာကလေးမှာ မြင်စိတ်ကလေးပေါ်တယ်၊ ရှုလိုက်ပါ၊ ကုန်သွားပြီ ပျောက်သွားပြီ (မှန်ပါ့) ကြားစိတ်ကလေးပေါ်တယ်၊ ရှုကြည့်စမ်း (ကုန်သွားပြီ ပျောက်သွားပါပြီဘုရား) နံစိတ်ကလေးပေါ်ပြီ ဒကာ ဒကာမတို့ (ကုန်သွားပါပြီ ပျောက်သွားပါပြီ) ရှုလိုက်တဲ့ အခါမှာ ကုန်တာပျောက်တာပဲ မြင်တယ်ဆိုတော့ အဋ္ဌကထာဆရာက "ခယဝယဒိသ္သာ" လို့ ဖွင့်ထားတယ်၊ ခယဝယ မြင်သွားတာတဲ့ (မှန်ပါ့ဘုရား)။

ကဲ. . . ဒကာဒကာမတို့ နှာခေါင်းထဲမှာ နံတဲ့စိတ်ကလေး မွှေးတဲ့စိတ်ကလေး ပေါ်လာတယ် ကြည့်လိုက်စမ်း

(ကုန်တာပျောက်တာပဲရှိပါတယ်) ကုန်တာ ပျောက်တာပဲ တွေ့တယ် ဒကာသစ်ရေ (မှန်ပဲ့) ကုန်တာ ပျောက်တာချည့် တွေ့မှာပါပဲ၊ သတိထားမိကြပလား (ထားမိပါတယ်ဘုရား) ဝိပဿနာရှုနည်း နိဿရည်းဖြင့် အထူးပေးနေပါကလားဆိုတာ ပေါ်လာတယ် (မှန်ပဲ့) ဘယ်သူ့မြင်ပုံပါလိမ့်မတုံးဆိုတော့ ရှင်ဆန္ဒ မြင်ပုံ (မှန်ပဲ့)။

## ရှင်ဆန္ဒ၏အမြင်

ဘယ်သူ့မြင်ပုံပါလိမ့် (ရှင်ဆန္ဒမြင်ပုံပါဘုရား) ဒါက ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်နော်၊ ဒတာ ဒကာမတို့ နည်းရမ်းပြီး ပေးနေတာ မဟုတ်ပါဘူး (မှန်ပဲ့) ဆရာဘုန်းကြီး အာဘော်နဲ့ ပေးနေတဲ့သဘော၊ ဆရာဘုန်းကြီးစိတ်ထားနဲ့ သူကြိုက်တာ သူပေးနေတယ်လို့ ဒီလိုမယူနဲ့တဲ့၊ ရဟန္တာ ဖြစ်မည့် ပုဂ္ဂိုလ်က ဒီလိုမြင်ပါတယ်လို့ ပြောတာ (မှန်ပဲ့) ရှင်းပလား (ရှင်းပါပြီ) ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်က ကုန်တာ ပျောက်တာချည့် မြင်ပါတယ်လို့ ပြောနေတာ (မှန်ပဲ့)။

အဲဒီတော့ ကြည့်ကြပါတဲ့ သေသေချာချာ၊ စိတ်ကို ကြိုက်ရင် စိတ်ကို ရှုကြည့်၊ ဝေဒနာကြိုက်ရင် ဝေဒနာ ရှုကြည့် ရှုနည်းမသိရင် လာပြီး မေးကြတာပေါ့ (မှန်ပဲ့) ရှုနည်းလဲ နေတိုင်းလိုလို ပဲပြောနေတယ်၊ အဲဒီတော့ ဘာမြင်မှ အမြင်မှန်

ပါလိမ့် (ကုန်တာပျောက်တာမြင်မှ အမြင်မှန်ပါဘုရား)။

ကုန်တာ ပျောက်တာကို မြင်ရမယ် နော် (မှန်ပါ) ဘာကြောင့် တုံးလို့ မေးတဲ့အခါ ခန္ဓာကိုယ်ထဲမှာ အနိစ္စာဝတ သင်္ခါရာဆိုတဲ့အတိုင်းပဲ ကုန်တာပျောက်တာ တွေသာ ရှိနေတာကိုး (မှန်ပါ့) ကုန်တာ ပျောက်တာ ရှိနေတော့ ဘာမြင်မှ အမြင်မှန်လို့ ဆိုမတုံး (ကုန်တာပျောက်တာ မြင်မှပါဘုရား) အဲ . . . ကုန်တာပျောက်တာကို နောက်က ရှုတိုင်း ရှုတိုင်း မြင်တဲ့အခါကျတော့ အဲဒီ ကုန်တာကို ပျောက်တာကို ငါ့ကိုယ် လို့ဆိုလို့ ရသေးရဲ့လား (မရပါဘုရား) ငါ့ဥစ္စာလို့ကော (မရပါ ဘုရား)၊ အဲဒီမှာ တဏှာမာန ဒိဋ္ဌိက သေသွားတယ် (မှန်ပါ့ ဘုရား)။

## ဝိပဿနာအမြင်မှန်ပဲ

အဲဒီတော့ ရှင်ဆန္နမြင်ပုံက သိပ်အဖိုးတန်တယ်၊ ဘာရှုရှုကုန်တာ ပျောက်တာ မြင်ပါတယ်ဆိုတော့ လမ်းမှန်ပဲ ဆိုပြီး ရှင်သာရိပုတ္တရာက သူ့အမေးကို ရပ်လိုက်တယ် (မှန်ပါ့) သူ့အမေးကလေး ရပ်လိုက်ပါတယ် ဒဂ္ဂာ ဒကာမတို့၊ ရပ်ပြီးတော့ နဂိုလာတုန်းက ညီဖြစ်တဲ့ ရှင်စုန္ဒမထေရ်ကလဲ ဒကာသစ်ပါသေးတာကိုး (မှန်ပါ့) ရှင်စုန္ဒက အနားက ထိုင်ပြီး သကာလနေတော့ ကုန်တာပျောက်တာ မြင်တဲ့အခါကျလို့ ရှိရင်ဖြင့် သူဟာမြင်တော့မြင်တာဟာ အမြင်မှန်ပဲ၊ မြင်တာ

ထက်သူက ပိုပြီး အထင်ကြီးနေတယ်၊ ဘဝင်မြင့် နေတယ် ပေါ့ဗျာ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဒီနေရာမှာ ဘုန်းကြီးတို့က ဒကာ ဒကာမတွေ အားကရုဏာရှေ့ထားပြီးသကာလ ပြောလိုတာက ဒီအမြင်ဟာ ဝိပဿနာအမြင်မှန်ပဲ (မှန်ပါ့) သို့သော်လဲ သူကတော့ဖြင့် မဂ်ရပြီလို့ကို ထင်နေတာ (မှန်ပါ့) မဂ်အမြင်က မဟုတ်ဘဲ ဖြစ်နေတယ် (မှန်ပါ့) ဝိပဿနာမဂ်အမြင်တော့ မှန်ပါရဲ့၊ လောကုတ္တရာမဂ်အမြင်က မမှန်သေးဘူး (မှန်ပါ့ဘုရား)။

ကဲ . . . ဒါကလေး ဝေဖန်ကြ၊ ကုန်တာ ပျောက်တာ မြင်တာက ဘာဖြစ်ပါလိမ့် (ဝိပဿနာအမြင်ပါဘုရား) ဝိပဿနာအမြင် (မှန်ပါ့) မဂ်က နှစ်မျိုးရှိတာကိုး၊ ဝိပဿနာ မဂ်အမြင်ကတော့ ဘည့်သွားပြီ (မှန်ပါ့) လောကုတ္တရာ မဂ် အမြင်ကတော့ (မတည့်သေးပါဘုရား)။

## သူကလောကုတ္တရာမဂ်အမြင်လို့ထင်တယ်

သို့သော် လောကုတ္တရာမဂ်အမြင်လို့ သူကထင်ပြီး သကာလ ဒါလောက်မြင်တယ်ဆိုလို့ရှိရင် ငါလည်ပင်းကို ဓားနဲ့လှီးပြီး သေလို့ရှိရင်၊ နောက် ပဋိသန္ဓေမလာတော့ဘူးလို့ ထင်နေတယ်ဆိုတော့၊ ဒကာသစ်တို့ တရားတစ်ပွဲလုံးကပဲ ဒကာ ဒကာမတွေက စဉ်းစားတာပေါ့၊ ဩော် . . . ဘဝင်မြင့် သလောက် အထင်ကြီးသလောက် အမြင်က အထက်မရောက်

သေးဘူး (မှန်ပါ့)။

ဘယ်လို မှတ်ကြမယ် (အထင်ကြီးသလောက် ဘဝင်မြင့်သလောက် အမြင်က အထက်မရောက်သေးပါဘုရား)၊ သေချာကြပလား (သေချာပါပြီဘုရား)။

အေး . . . အဲဒီလို သေချာတော့မှ ဩော် . . . မှန်တော့မှန်တာပဲ၊ မှန်ပေမယ့် အမှန်မဆုံးသေးဘူး (မှန်ပါ့) မမှန်ဘူးလို့တော့ မဆိုနဲ့ (မှန်ပါ့) မှန်တာကတော့ သေချာနေတယ်၊ အမြင်ဆုံးပလား (မဆုံးပါဘုရား)။

ကဲ . . . ဒါဖြင့် ဘုန်းကြီးကထည့်ပေးမယ်၊ ဒကာ ဒကာမတွေ အခုနောက်ပြောတဲ့ အချက်ကလေး ဂရုစိုက်လိုက်၊ ကုန်တာပျောက်တာ မြင်တာဟာ ဝိပဿနာ မဂ္ဂင်ငါးပါး၏ အမြင် (မှန်ပါ့) တော်တော်ကြာ သူရှေ့လာပြန် ကုန်တာ ပျောက်တာ မြင်ဦးမှာပဲ (မှန်ပါ့ဘုရား)။

## သူကပိုပြီးအထင်ကြီးနေတယ်

နောက်တစ်ခု ပေါ်လာပြန်ကော (ကုန်တာ ပျောက်တာ မြင်မှာပါပဲ) ဒါ . . . ဘယ်မဂ်၏ အမြင်ဘာလိမ့် (ဝိပဿနာ မဂ်၏အမြင်ပါ) ဝိပဿနာမဂ်၏ အမြင်ဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှင်းထားလိုက်တာပေါ့ (မှန်ပါ့) သို့သော် ဒီအမြင်ကို သူ့စိတ်ထဲမှာ ငါသည် လောကုတ္တရာမဂ်မှ လေးတန်တောင် ရပြီးပြီ (မှန်ပါ့) ဒါကြောင့် ငါ့ကိုယ်ငါ လည်ပင်း

ခားနဲ့လိုးပြီး သေလို့ရှိရင်နောက် ပဋိသန္ဓေမနေရတော့ဘူးလို့ သူ့စိတ်ထဲမှာ အထင်ကြီးတာက ပိုတယ် (မှန်ပါ့ဘုရား)။

ဒါ . . . လောကုတ္တရာမဂ်အမြင်မှ မရောက်သေးဘဲ (မှန်ပါ့) လောကုတ္တရာ မဂ်အမြင်ကတော့ ဒီလိုပါ ဒကာ ဒကာမတို့၊ ကုန်တာ ပျောက်တာကို ရှာလို့မတွေ့တော့ဘူး (မှန်ပါ့) ကုန်တာ ပျောက်တာ မရှိတာက ဒုက္ခသစ္စာကိုး၊ အဲဒီ ဒုက္ခသစ္စာ ရှာမတွေ့တဲ့အခါကျတော့မှ နိရောဓသစ္စာ မြင်တယ် (မှန်ပါ့) အဲဒီကျမှ မဂ္ဂင်ရှစ်ပါးက လာပြီးဖြစ်တာ၊ ဒါ . . . . လောကုတ္တရာ အမြင် (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကုန်တာ ပျောက်တာ မတွေ့ဘဲနဲ့ ရှင်းလင်းပြီး သကာလ ဩော် . . ဒါဟာ မသေရာမှန် ပြည်နိဗ္ဗာန်အစား ထိုးလာမှ လောကုတ္တရာ အမြင် (မှန်ပါ့) သဘောပါကြပလား . . . (ပါ - ပါပြီဘုရား)။

## အမြင်နှစ်ခုကို မှတ်ပါ

ကုန်တာ ပျောက်တာကို မြင်နေတာက ဘာတဲ့ (လောကီ မဂ်အမြင်ပါ) ကုန်တာ ပျောက်တာကို မမြင်ဘဲနဲ့ ဒကာ ဒကာမတို့ ကုန်တာ ပျောက်တာကို မမြင်တော့ပါဘူး၊ မသေတဲ့ နိဗ္ဗာန်ကို မြင်တော့ (လောကုတ္တရာ မဂ်အမြင်ပါ ဘုရား) ဒီအမြင် နှစ်ခုကို ထူးထူးခြားခြား မှတ်ရမယ် . . . (မှန်ပါ့ဘုရား)။

ဒါ . . . ဆရာဘုန်းကြီးက တခြားကျမ်းကလာတာကို ဖြည့်စွက်ပြီး ပြောနေပြီ ဒကာ ဒကာမတို့ ခယဝယကို လွန်ပြီး သကာလ မြင်တဲ့အမြင်ဟာ လောကုတ္တရာအမြင် (မှန်ပါ့) ခယဝယတွေ နဂိုတုန်းက တွေ့ထားတယ်၊ နောက်တော့ ဒီ . . ခယဝယတွေကို မတွေ့ဘဲ ဖြစ်ပြီးသကာလ ကုန်တာ ပျောက်တာတွေကို မတွေ့ဘဲနဲ့ ရှေ့မှာရှင်းပြီးသကာလ ကုန်တဲ့ ပျောက်တဲ့ သင်္ခါရ လောကကို လွန်သွားတယ် (မှန်ပါ့) အသင်္ခတဘက် ကူးသွားတယ် (မှန်ပါ့ဘုရား)။

သင်္ခတ လွန်သွားပြီး ဘယ်ကူးသွားသလဲ (အသင်္ခတ ဘက်ကူးသွားပါတယ်) အသင်္ခတဆိုတာ နိဗ္ဗာန်ပါပဲ (မှန်ပါ့) သဘောကျပလား (ကျပါပြီ) အဲဒါတွေ ကြည့်လိုက်တော့မှ ကုန်တာ ပျောက်တာတွေ ဆုံးသွားပြီးသကာလမှ နိဗ္ဗာန်မြင်တာ . . . (မှန်ပါ့ဘုရား)။

အဲဒီအမြင်ကတော့ ဒကာဒကာမတွေက ယနေ့ စောစောစီးစီး မှတ်ထားတော့၊ ဩော် . . . အမြင်ကျန်သေးတဲ့ အရှင်ဆန္ဒကိုးဆိုတာ ပေါ်လာတယ် . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဒကာဒကာမတို့ "ကလျာဏမိတ္တ" ဆိုတဲ့ သူတော်ကောင်းနဲ့ မပေါင်းလို့ရှိရင် ဒကာကြွယ် ကိုယ့်အမြင် ကလေးနဲ့ ကိုယ် ဟုတ်နေလိမ့်မယ်နော် . . . (မှန်ပါ့) သဘော ကျပလား . . . (ကျပါပြီဘုရား)။

ကျုပ်တို့ဖြင့် ဖြစ်ပျက် ဘယ်အချိန် ရှုလိုက် ရှုလိုက်

ခယဝယများတော့ဖြင့် မှိုပေါက်အောင် မြင်တာပါပဲ၊ ဒါ့ကြောင့် ဘုန်းကြီးတို့ သေရမှာ မကြောက်ပါဘူး (မှန်ပါ့) မကြောက်ဘူး ဆိုတာက သုဂတိလောက်သာ သေချာနေတာ၊ နိဗ္ဗာန်မသေ ချာဘူး (မှန်ပါ့) ကုန်တာ ပျောက်တာမှ မဆုံးသေးဘဲ (မှန်ပါ့ ဘုရား)။

ဘယ်လိုဆိုကြပါ့မယ် (ခယဝယကုန်မှ နိဗ္ဗာန်ပါဘုရား) အေး . . . ခယဝယကုန်မှ နိဗ္ဗာန်ဆိုတော့ ရှုရင်းမတ္တနဲ့ တွေ့လိုက်ကုန်ပြန်ပြီ၊ ပျောက်ပြန်ပြီ၊ ရှုလိုက် ကုန်ပြန်ပြီ၊ ပျောက်ပြန်ပြီ၊ ဒါတွေချည့် ဆက်တွေ့နေသေးလို့ရှိရင် ဒကာ ဒကာမတွေ ဝိပဿနာမဂ်လို့ မှတ်လိုက် (မှန်ပါ့) ကျေးဇူးမရှိ ဘူးလား ဆိုတော့ ရှိပါတယ်၊ တစ်ဆင့်တက်လိုက်ရင် ပြီးတော့မယ် (မှန်ပါ့) ကျေးဇူးအင်မတန် ရှိပါတယ်၊ တစ်ဆင့် တက်ရင် ပြီးတော့မယ်ဆိုတာ သေချာပါတယ် . . . (မှန်ပါ့ ဘုရား)။

အဲဒီတော့ ရှုဖန်များတော့ ရှေ့ပိုင်းမှာ ရှုစရာမရှိဘူး၊ ကုန်တာ ပျောက်တာချည့်ပဲ တစ်ခါတည်း ဆုံးသွားတယ်၊ ခယဝယ လွန်သွားပြီ (မှန်ပါ့) လွန်သွားတဲ့ အခါကျတော့ ခယဝယ အဆုံးမှာ နိဗ္ဗာန် (မှန်ပါ့) ခယဝယလွန်သွားတဲ့ နိဗ္ဗာန်ကို မြင်သွားပြီ (မှန်ပါ့) မြင်သွားတော့မှ ဒီက မဂ္ဂင်ရှစ်ပါး သွားဖြစ်တယ် . . . (မှန်ပါ့ဘုရား)။

ခုနင်တုန်းကတော့ ငါးပါးနဲ့ ခယဝယ မြင်နေတာ

(မှန်ပါ့) နိဗ္ဗာန်မြင်တဲ့အခါကျတော့ ရှစ်ပါးနဲ့ ခယဝယ အဆုံးကို မြင်တယ် (မှန်ပါ့) သဘောပါကြပလား (ပါ-ပါပြီ) အဲဒီအမြင်ရောက်အောင် ကြိုးစားရမယ် . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ရှင်ဆန္ဒက ဒကာသစ် ဒီလို ရောက်ပါရဲ့လား (မရောက်ပါဘုရား) တပည့်တော် ခယဝယကို မြင်ပါတယ် ဒါကြောင့် ငါ့ကိုယ်ငါ့ဟာ ငါ့ဥစ္စာ မရှိဘူးဆိုတာ ဟုတ်ပါတယ် ဆိုတော့ သူဟာ ဝိပဿနာမဂ်နဲ့ သတ်တဲ့တဏှာမာန ဒိဋ္ဌိ ဖြစ်နေတယ် (မှန်ပါ့) မဂ္ဂင်ရှစ်ပါးပြည့်တဲ့ လောကုတ္တရာ မဂ်နဲ့ သတ်တဲ့ တဏှာ မာန ဒိဋ္ဌိ ဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘုရား)။

## တစ်ဆင့်ကျန်နေတယ်

တစ်ဆင့်ကျန်နေတယ်၊ တစ်ဆင့်ကျန်တော့ ဒကာဒကာမတို့ ရှင်စုန္ဒကလဲ ရဟန္တာမို့ သိတယ်၊ ရှင်ဆန္ဒဟာ သူ့ဟာသူ ဘဝင်မြင့်နေတာ၊ စင်စစ်တော့ သူ ပုထုဇဉ်ပဲ ရှိသေးတယ်လို့ ဆုံးဖြတ်ချက်ချပြီ . . . (မှန်ပါ့ဘုရား)။

သူ့ဟာသူ အထင်ကြီးနေတာတဲ့ ဒကာကြွယ်၊ ရှင်စုန္ဒက သိတယ်၊ ပုထုဇဉ်မှန်းသိတယ်၊ အမြင်ကတော့ ဘယ့်နှယ်နေသတုံး (မှန်ပါတယ်ဘုရား) မှန်တော့ မှန်ပါတယ်တဲ့ ဒကာဒကာမတို့ သို့သော် အမြင်က ဆုံးရဲ့လား (မဆုံးပါဘုရား) အမြင်မဆုံးဘဲ ဖြစ်နေသေးတယ်ဆိုတာ ပေါ်ကြပလား

(ပေါ်လာပါပြီ) အဲဒါတွေ သေသေချာချာ သိတော့မှ ဩော် . . . ဆရာမကူရင် မဖြစ်ပါကလား . . . (မှန်ပါ့ဘုရား)။

အဲဒီမှာ ရှင်သာရိပုတ္တရာကတော့ အထူးမပြောဘူး၊ မင်းဟာ တိုးလုပ်ပါဦးလို့လဲ မတိုက်တွန်းဘူး (မှန်ပါ့) အမြင်လမ်းစဉ်ကလဲ မှန်နေတာကိုး၊ ဒါပေမယ့်လဲ အကျေနပ်ကြီးလား၊ အကျေနပ်ထက်ဝက်လောက်လား (ထက်ဝက်လောက်ပါဘုရား) ဘာကြောင့်တုံးဆိုတော့ ဝိပဿနာမဂ်အမြင်ပဲ ရှိသေးတာကိုး၊ လောကုတ္တရာမဂ်က မရောက်သေးဘူး . . . (မှန်ပါ့ဘုရား)။

ဒီတော့ ရှင်သာရိပုတ္တရာနဲ့ အတူပါလာတဲ့ ညီတော် ရှင်စုန္ဒက အနားမှာရှိတယ် (မှန်ပါ့) ရှင်စုန္ဒကလဲ ရဟန္တာပဲလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား)။

## ရှင်စုန္ဒ၏သတိပေးစကား

ရှင်ဆန္ဒအတွက် ခက်လိုက်တာ၊ ဘာမှ သူ့ဟာက မဟုတ်သေးဘူး၊ ဝိပဿနာဉာဏ်ပဲ ရှိသေးတယ်၊ ဝိပဿနာမဂ်ပဲ ရှိသေးတယ်၊ (မှန်ပါ့) ဒါကို ရဟန္တာထင်ပြီး သကာလ နေတဲ့အတွက် သူက ကြားဖောက်ပြီးသကာလ ရှင်စုန္ဒက သတိပေးစကား ပြောကြားတယ် (မှန်ပါ့) အရှင်ဘုရားတဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောကြားထားတာ

ရှိပါတယ်၊ အမြဲသတိပြုဖို့ ဟောကြားထားတာပါ (မှန်ပါ့)။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး အမြဲဆုံးမပြီး ဝိပဿနာ ယောဂီပုဂ္ဂိုလ်တွေကို ဆုံးမတာ ရှိပါတယ်ဘုရား၊ ဒါကလေးကို အရှင်ဘုရား နှလုံးသွင်းပါဦးတဲ့ . . . (မှန်ပါ့) အရှင်ဘုရား အမြင်လိုသေးတယ်လို့ မပြောဘူး (မှန်ပါ့) ဒါကလေး နှလုံးသွင်းပါဦး အဓိပ္ပာယ်နဲ့ လူမမာကို ချော့ပြီး ကျွေးသလိုပေါ့ဗျာ . . . (မှန်ပါ့) ဒါကလေးကတော့ အဆိပ်လဲ မဖြစ်ပါဘူး၊ အားကလေးရှိအောင် စားလိုက်ပါဦးဆိုတဲ့ အဓိပ္ပာယ်မျိုး (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

## မှီနေရင်လှုပ်တယ်

**“နိဿိတဿစလိတံ၊ အနိဿိတဿစလိတံ နတ္ထိ”** စတဲ့ ဒီပါဠိတော်ကို ရွတ်လိုက်တယ် (မှန်ပါ့) နိဿိတဿ = တဏှာဒိဋ္ဌိမှီနေသော ပုဂ္ဂိုလ်အား၊ စိတ္တံ = စိတ်သည်၊ စလိတံ = လှုပ်သည်၊ ဟောတိ = ဖြစ်၏။ အနိဿိတဿ= မမှီသော ပုဂ္ဂိုလ်အား၊ စိတ္တံ = စိတ်သည်၊ စလိတံ=လှုပ်ခြင်းသည်၊ နတ္ထိ= မရှိတဲ့ (မှန်ပါ့) မှီနေရင် လှုပ်တယ်တဲ့ . . . (မှန်ပါ့) မမှီရင် . . . (မလှုပ်ပါဘုရား) သဘောကျပလား . . . (ကျပါပြီ ဘုရား)။

## မမှီရင် မလှုပ်ဘူး

ဒကာဒကာမတွေ မှီနေရင် လှုပ်သည်၊ မမှီရင် မလှုပ်ဘူး ဆိုတော့ ဒီတရား အသာချိတ်ထားပါဦး၊ ခင်ဗျားတို့ အတွက်ကလေး နည်းနည်းဖြည့်စွက်မယ်နော် (မှန်ပါ့) ဒကာသစ်ကတော့ ဒီမှာနေတာပဲ၊ နေပင်နေဌြားသော်လဲ ဆိုင်တွေရှိတယ်၊ သားမယားနဲ့ တိုက်တာတွေရှိတယ်၊ ဟိုမှာ ဘာဖြစ်သတဲ့ ကားတိုက်သတဲ့လို့ ကြားလိုက်ရင်၊ ဒကာသစ် ကားတိုက်သတဲ့. . . လို့ ကြားလိုက်ရင် ဒီကနေပြီး ဟိုက်ကနဲ ဖြစ်သွားတယ် (မှန်ပါ့) မဖြစ်သွားဘူးလား (ဖြစ်သွားပါတယ်) ဩော် . . . ဒကာသစ် တဏှာနဲ့ ဟိုက ကားနဲ့ဟာ မှီနေတယ် (မှန်ပါ့) ဟိုကကားလှုပ်ရင် ဒီကလှုပ်တယ် (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ဒကာကြွယ်က ဒီမှာလာပြီး တရားနာနေတယ်၊ အိမ်က ကားတိုက်သတဲ့လို့ ကြားရင် ဟိုကားနီကြီးနဲ့ပဲ တိုက်သတဲ့လို့ ကြားရင်၊ ဟာ. . . ဆိုတာကလေးဟာ လာလိမ့်မယ် (လာပါတယ် ဘုရား) ဘယ့်နှယ်ကြောင့် လာပါလိမ့်မတုံး၊ ဒီကား နဲ့ လောဘတဏှာနဲ့က ဟိုမှာ သွားဆက်နေတယ် (မှန်ပါ့) နဂိုက ဆက်နေတယ် (မှန်ပါ့)။

ဒါကြောင့် နိဿိတသ-ကားပေါ်မှာ လောဘစိတ်မှီနေ သော ပုဂ္ဂိုလ်အား၊ စလိတံ-ဟိုက ကားက လှုပ်သည်ရှိသော်၊ စိတ္တံ-ဒီမှာရှိတဲ့စိတ်သည်၊ စလိတံ-လှုပ်သည်၊ ဟောတိ-ဖြစ်၏

လို့ဆိုလိုတာ (မှန်ပ့ါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အဝေးကြီး ကပေမယ်လို့ လှုပ်တယ် ဒကာသစ်ရေ (လှုပ်ပါတယ်ဘုရား)။

ဥပမာ-ရန်ကုန်ကောလိပ်ကျောင်းမှာ ကိုယ့်သမီးလေး တစ်ယောက် ထားတယ် ဆိုကြပါစို့ အဲဒီသမီးလေးတစ်ယောက် ကကြေးနန်းစာလေးတစ်စောင် မလာသည်တိုင်အောင် လူကြုံက ပြောလိုက်တော့ ကလေးတော့ဖြင့် မျက်နှာကြည့် မကောင်းဘူး၊ ဟိုက စကားယဉ်သုံးလိုက်တယ်၊ ဖျပ်ဆို ဒီက အမေမိဘက လှုပ်တယ် (လှုပ်ပါတယ်ဘုရား) ဘာဖြစ်လို့တုံး၊ မှီနေလို့၊ ဟိုမှာ အမြဲဆက်ပြီး မှီနေတယ် (မှန်ပ့ါဘုရား)။

ဟို ကလေးမကလေးဆီမှာ အမေမိဘ စိတ်က တစ်ခါတည်း သွားမှီနေတယ် (မှန်ပ့ါ) မှီနေတော့ ကလေးမ ကလေး ဏ္ဍြေပျက်လိုက်ရင်ပဲ ဒီက ဘယ့်နှယ်နေတုံး (လှုပ်ပါတယ်ဘုရား)။

ဒါကြောင့် နိဿိတဿ-မှီနေသော ပုဂ္ဂိုလ်အား၊ "စလိတံ-အဝေးကြီးက ပင်သော်လည်းလှုပ်သည်"၊ ဟောတိ-ဖြစ်၏။ (မှန်ပ့ါ) ခင်ဗျားတို့ကသာ ဝေးတယ်ထင်တာ ဟုတ်လား၊ အာရုံအာရမ္မဏိက အဖြစ်နဲ့တော့ မှီနေတယ် (မှန်ပ့ါဘုရား) မှီနေတော့ တတ်နိုင်လို့မိုင် (၆၀၀၀)ကျော် ဝေးတဲ့ အင်္ဂလန် ကျွန်းမှာပင် သွားပြီးထားပါ။ ဟိုက ဘာတဲ့ဆိုရင် ဒီကလှုပ်ပြီ (လှုပ်ပါတယ်ဘုရား) ဒကာ ဒကာမတွေသွား သွားပြီး မှီနေရင် တော့ လှုပ်မှာပဲ (မှန်ပ့ါ) သွား သွားမမှီရင်တော့ (မလှုပ်ပါ ဘုရား)။

အခုတော့ဖြင့် သေသူပြန်အောက်မေ့လိုက် လှူပ်လိုက်၊ ရှင်သူပြန်အောက်မေ့လိုက် (လှူပ်လိုက်ပါဘုရား) သွားသွားမှီသကိုး၊ ခင်ဗျားတို့က လောကွတ်က တယ်ချော်တာကိုး (မှန်ပ့ါ) သဘောကျပလား (ကျပါပြီ) လောကွတ်က ချော်တဲ့အခါကျတော့ လှူပ်ချင်လို့ချော်တာ (မှန်ပ့ါဘုရား)။

## မှီတာကလိုရင်း

ဒကာကြွယ် ဘယ်သားသမီး ဘယ်အာရုံနဲ့မှ သူတို့ဆီကို မဆက်တော့ပါဘူးဆိုရင် ဘာဖြစ်ဖြစ် လှူပ်သေးရဲ့လား (မလှူပ်ပါဘုရား) ဆက်သွယ်နေရင် (လှူပ်ပါတယ်ဘုရား) ဒါဖြင့် နိဿိတဿ=ဆက်သွယ်၍နေသော ပုဂ္ဂိုလ်အား။ "စလိတံ . . . ဟိုကအကြောင်း ရှိသည်ရှိသော် ဒီကလှူပ်သည်" ဟောတိ=ဖြစ်၏။ (မှန်ပ့ါ) ခင်ဗျားတို့က ဝေးနီးတာ လိုရင်းဟုတ်သလား မှီနေတာက လိုရင်လား(မှီနေတာက လိုရင်းပါဘုရား) သဘောပါကြပလား (ပါ-ပါပြီဘုရား)။

အဲ မှီတာက လိုရင်းဖြစ်နေတော့ တုံးကိုမှီနေတဲ့ ပုဂ္ဂိုလ်ဟာ တုံးလှူပ်တော့ မှီနေတဲ့လူက (လှူပ်ပါတယ်ဘုရား) သဘောကျပလား (ကျပါပြီ) တိုက်ပေါ်မှာ မှီနေတဲ့ပုဂ္ဂိုလ်ကလဲ တိုက်ကိုလျှောင်လှူပ်လိုက်တော့ (လှူပ်ပါတယ်) တိုက်လှူပ်တာနဲ့ရော လှူပ်သွားတယ် (မှန်ပ့ါ) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ . . . ခင်ဗျားတို့မှာ မျက်ရည်မျက်ခွက်

သောကပရိဒေဝ ဗျာပါရတွေနဲ့ နေကြရတာ မှီမှီနေလို့ ဒါတွေ ခဏခဏ မျက်ရည်နဲ့ မျက်ခွက် ပေါ်ပေါ်နေတာ(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) မမှီတော့ဘူးဆိုတော့ (မပေါ်တော့ပါဘုရား) ဩော်. . . ခင်ဗျားတို့က အမှီမရှိရင် ဘုရားတောင် မပွင့်ဘူးလို့ ပြောချင်ပြောဦးမယ်၊ ခင်ဗျား တို့ဘက်က ရှေ့နေကလဲ အတော်ကြီးတယ် (မှန်ပါ့ ဘုရား) သဘောကျပလား (ကျပါပြီဘုရား) ခင်ဗျားတို့ဘက်က ရှေ့နေက ဘုရားတောင် အမှီနဲ့ပွင့်တယ်ဆိုတော့ ဘုရား ကိုတောင် ဆွဲထည့်လိုက်သေးတယ် (မှန်ပါဘုရား)။

ဒကာဒကာမတို့ အမှီလေးတွေက ခင်ဗျားတို့က မခိုင်တာကြီး မှီပြီးသကာလ နေကြတော့ မခိုင်တာတွေမို့ ပြုတ်ပြုတ်ပျက်ပျက်ပြီး ကျသွားတဲ့အခါကျတော့ ခင်ဗျားတို့ ဘယ်လိုနေရစ်ရသတုံး မေးကြည့်တာပေါ့။ ဒကာကြွယ် ဘယ်လိုနေရစ်ရသတုံး (လှူပ်ပါတယ်ဘုရား) လှူပ်နေတာပဲ၊ သောကနဲ့ လှူပ်လိုက်၊ ပရိဒေဝနဲ့လှူပ်လိုက်၊ ရှေ့ရေး တွေးလှူပ် လိုက်၊ နောက်ရေးတွေးပြီးတော့ကော (လှူပ်ပါတယ်ဘုရား) အခု အရေးတွေးပြီး (လှူပ်ပါတယ်ဘုရား) လှူပ်စရာ ရှာနေကြတာကိုး (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဒကာ ဒကာမတွေက လှူပ်စရာမရှိလို့ . . . ရှာတဲ့ ပုဂ္ဂိုလ်တွကလည်း အများကြီးပါ ကလား . . . (မှန်ပါဘုရား)။

ဒကာကြွယ် တစ်ယောက်တည်း နေလို့ရှိရင်၊ မမှီလို့

ရှိရင် လုပ်စရာ ရှိသေးရဲ့လား (မရှိပါဘူးဘုရား) ဟာ. . . ဒါဖြင့် မှီစရာရှာဦးမှပဲ လုပ်ရအောင်ပေါ့၊ ဒီလို မလာကြဘူးလား (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကိုယ်က အမြီးမငြိမ်တဲ့ ငှက်ကလေးနဲ့ တူတယ် (မှန်ပါ့) မလှုပ်ရရင် မဖြစ်သလိုလိုဖြစ်နေတယ် (မှန်ပါ့ဘုရား) သဘောပါကြပလား (ပါ-ပါပြီဘုရား) ဒါကြောင့် ဘယ်သူ့မှ မမှီရင် ဘယ်သူမှ မလှုပ်ပါဘူး (မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဟိုမှီနေ၊ ဒီမှီနေဆိုတော့ ရွှေတွေရှိရင် ရွှေကြောင့် လှုပ်တာပဲ၊ ရွှေဈေးကျရင် တက်ရင် လှုပ်ပြီ (မှန်ပါ့) ဒကာ ဒကာမတို့ သဘောကျရဲ့လား . . . (ကျပါပြီဘုရား) ရွှေလေးတွေကို ကိုယ်ကစုထားတယ်၊ ရွှေဈေးက ဖျတ်ခနဲကျသွားရင် ဒကာသစ် ဘယ့်နှယ်နေမလဲ (လှုပ်ပါတယ်ဘုရား) ဘာဖြစ်လို့တုံး (မှီနေလို့ပါဘုရား) ကား ကလေးတစ်စီးဝယ်ထားတယ်၊ နောက်ကားတွေက လာလိုက် ပြန်တော့ ဒီဟာတွေက ဈေးကျပြီဆိုရင် ဘယ့်နှယ်တုံး (လှုပ်ပါတယ်ဘုရား) အထည်မျိုးတွေ နိုင်ငံခြားက ဈေးလျှော့ပြီး ဝင်လာသတဲ့ဆိုရင်ကော (လှုပ်ပါတယ်ဘုရား) ဘာဖြစ်လို့တုံး (မှီပါတယ်ဘုရား)။

ခင်ဗျားတို့ကလဲ မှီပြီး လှုပ်စရာမရှိရင် မနေတတ်၊ မှီစရာမရှိရင် ဘုရားတောင်မပွင့်ဘူး ဆိုတာမျိုးကလေးလဲ သံမှိုနဲ့စွဲသလို စွဲထားတာပဲ (မှန်ပါ့) ဒကာ ဒကာမတို့သည်

ကားလို့ဆိုရင် မှီစရာမရှိရင်နေလို့ မဖြစ်ကြဘူး၊ ဒကာကြွယ် လှုပ်ချင်လို့ (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

သမီးကလေးကို အားကိုးနေတယ်၊ သမီးကလေးက ပက်ကနဲ ဘယ်လိုဖြစ်သွားတယ်ဆိုတော့ မှီလို့လှုပ်တာ (မှန်ပါ့) သားကလေးအားကိုးနေရာ သူ့သားက မယားနောက်လိုက် သွားသတဲ့ဆိုတော့ မှီလို့လှုပ်တာ (မှန်ပါ့) မမှီရင် (မလှုပ်ပါ ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ ရှင်စုန္ဒက နိဿိတဿ စလိတံ စသည်ဖြင့် အရှင်ဘုရား မှီနေလို့ လှုပ်တာ၊ အရှင်ဘုရား ခန္ဓာကိုယ် အရှင်ဘုရား မှီနေလို့၊ ဓားနဲ့လည်းပင်းလှီးပြီး သေတော့မယ် ဆိုတာ အရှင်ဘုရားခန္ဓာကိုယ် အရှင်ဘုရား မှီနေသေးတယ်လို့ သတိပေးလိုရင်းပဲ (မှန်ပါ့) ဒါကြောင့် အရှင်ဘုရား ခန္ဓာကိုယ်ကို ဝေဒနာတွေက နှိပ်စက်တော့ သေတာကောင်းတယ်ဆိုတော့ အရှင်ဘုရားလှုပ်တာပါလို့ သိစေတာ(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

တရားတော်နဲ့ ရိပ်မိအောင်လို့ ပြောနေတာ(မှန်ပါ့) နိဿိတဿ-အရှင်ခန္ဓာကိုယ် မှီနေသော ပုဂ္ဂိုလ်အား၊ စလိတံ- ဓားနဲ့လှီး၍ သတ်မယ်လို့ လှုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။ . . . (မှန်ပါ့) အမှန်ကတော့ ဒေါသဖြစ်နေတာ (မှန်ပါ့) ဒေါသ ဖြစ်ပြီး လှုပ်နေတာဆိုတာ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## ခန္ဓာကိုယ်ခင်လို့ ဒေါသဖြစ်တာ

ကဲ. . . ဒါဖြင့် ရှင်ဆန္ဒသည် ဝိပဿနာဉာဏ် အမြင်တော့ မမှန်ဘူးလား (မှန်ပါတယ်ဘုရား) တဏှာဒိဋ္ဌိ မကုန်သေးဘူးဆိုတာ ပေါ်လာတယ် (မှန်ပါ့) ဒါ့ကြောင့် သူ့ခန္ဓာ သူ့စားနဲ့လှီးပြီး သကာလ သတ်သေပါတော့မယ်၊ နောက်ပဋိသန္ဓေမနေရတဲ့ ပုဂ္ဂိုလ်ပဲဆိုတော့ စကားကဖြင့် ကြီးပါသပေါ့ဗျာ . . . (မှန်ပါ့) သို့သော် ဒီခန္ဓာကြီးကို ဒီလိုတော့ မနေချင်ဘူး၊ သေတာအေးတယ်ဆိုတဲ့ ဒေါသ ပါ-မပါ (ပါပါတယ်ဘုရား) အဲဒီတော့ ခန္ဓာကိုယ်ခင်လို့ ဒေါသဖြစ်တာ (မှန်ပါ့) ဒါဖြင့် နိဿိတသ စလိတံဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ဒကာကြွယ် . . . အင်္ဂလန်မှာ ရှိတဲ့ သားသမီးဖြစ်စေ ကာမူ ဒီကနေပြီး အာရုံပြုလိုက်ရင် လှုပ်တာပဲ (လှုပ်ပါတယ်ဘုရား) နဂိုက ဆက်နေသကိုး(မှန်ပါ့) မှီနေသကိုးဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဝေးတာနီးတာ လိုရင်းလား မှီတာက လိုရင်းလား (မှီတာက လိုရင်းပါဘုရား) အဲ. . . အနီးနားမှာ ရှိနေပေမယ့် မဆိုင်ဘူးဆိုတဲ့ ပရတော-သူစိမ်းပြင်ပ လိုထားလိုက်စမ်းပါ၊ အနတ္တသဘော ထားလိုက်စမ်းပါ ဆိုတော့ လှုပ်သေးရဲ့လား (မလှုပ်ပါဘုရား)။

ခင်ဗျားတို့ အိမ်နီးနားချင်းများ ဟိုဘက်က ဥပမာမယ်

လူမျိုးခြား တစ်ယောက်သေသတဲ့၊ အခုမှ ရွှေ့လာတာ တယ်လဲ မကြာသေးဘူး၊ ကျုပ်တို့ဖြင့် မိတ်ဆွေတောင် မဖြစ်သေးဘူး၊ ဖျတ်ခနဲရောက်လာတာ (၃-၄)ရက် ပဲရှိသေးတယ်၊ သေပြီဆိုရင် မလှူပ်ပါဘူး ဒီဘက်က (မလှုပ်ပါဘုရား) ဘာမှမခင်သေးဘဲကိုး (မှန်ပ့ါ) နည်းနည်းလေးခင်လာတော့ ဟင်းပေးဟင်းယူကလေး၊ ညရေးညတာ အကူအညီကလေး ရလာပြီဆိုမှဖြင့် ဖြစ်မှ ဖြစ်ရလေနော် လာပြီ (မှန်ပ့ါ) အဲဒီကျတော့ မှီကြပကောဗျ (မှန်ပ့ါ) မှီတော့ ဘယ့်နှယ် ဖြစ်နေသတုံး (လှုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဥစ္စာ လှုပ်မလှုပ်ဟာ ဒကာ ဒကာမတို့ မှီ-မမှီပေါ်မှာ မှီနေတယ်ဆိုတဲ့ အဓိပ္ပာယ်၊ ဆုံးဖြတ်ချက်ချရမယ် ဆိုတဲ့ အဓိပ္ပာယ် ရှင်းသွားပြီ (မှန်ပ့ါ) သဘောပါကြပလား . . . (ပါပါပြီဘုရား)။

အေး. . . ဒါကြောင့် ခင်ဗျားတို့ သားကလေး တစ်ယောက် ထွန်းကားလာပြန်လည်း အားကိုးရချည်သေးရဲ့၊ သမီးကလေးတစ်ယောက် ထွန်းကားလာပြန်လဲ (အားကိုးရ ချည်သေးရဲ့) ခင်ဗျားတို့က မှီမယ် စိတ်ကူးနေတာပဲ (မှန်ပ့ါ) တယ်လည်း လှုပ်ချင်သကိုး (မှန်ပ့ါ) သဘောကျပလား (ကျပါပြီ)၊ လှုပ်ဆိုတာဘာတုံး မျက်ရည်နဲ့မျက်ခွက် ဖြစ်ချင်တာ ဆိုတာ (မှန်ပါဘုရား)။

လှုပ်ဆိုတာ ဘာပါလိမ့် (မျက်ရည်နဲ့မျက်ခွက် ဖြစ်ချင် တာ ဆိုတာပါဘုရား)။

ဒါကြောင့် တဏှာ ဥပါဒါန် မချုပ်သရွေ့ ကာလ ပတ်လုံး တစ်လှုပ်တည်း လှုပ်နေလိမ့်မယ်ဆိုတာ ဒကာကြွယ်၊ ဦးလှဘူး ရိပ်မိပလား (ရိပ်မိပါပြီ) ဒါကြောင့် ဒကာဒကာမတို့ ဒီတဏှာကိုဖြင့် မသတ်ရင် မဖြစ်ဘူး၊ (မှန်ပါ့) တဏှာကြီးတော့ ဥပါဒါန်၊ ဥပါဒါန်ဆိုတာ စွဲပြီးကပ်ပြီး မှီနေတာ (မှန်ပါ့) ဥပါဒါန်ဆိုတာ ဖြုတ်လို့မရတာဆိုတာ (မှန်ပါ့ဘုရား)။

ဖြုတ်လို့မရဘူး ဆိုကတည်းက ဒကာ ဒကာမတို့ ဟိုကအနိစ္စအပေါ်မှာ အမြဲဆုပ်ထားပြီ ဆိုမှဖြင့် ဟိုကလည်း အနိစ္စရောက် ဒီကလည်း လှုပ်လို့ကောင်းပေါ့ (မှန်ပါ့) ဒီအတိုင်း မနေဘူးလား (နေပါတယ်ဘုရား)။

အဲဒါကြောင့် ရှင်စုန္ဒ ဟောတဲ့ တရားကလေးဟာလဲ နိဗ္ဗာန်ဟောတာပါ။ ဒကာ ဒကာမတို့ ဒီတရားဟာ နိဗ္ဗာန် ရောက်နိုင်ပါတယ် (မှန်ပါ့) ကဲ. . . လှုပ်မလှုပ် ဒကာသစ် ရိပ်မိ ပလား (ရိပ်မိပါပြီ) အာရုံအားဖြင့် မှီနေရင် ဘာတုံး (ရောက်ပါ တယ်) မမှီတော့ (မရောက်ပါဘုရား) မင့်ကို ဆွေပြတ် မျိုးပြတ် ကြေညာလိုက်ပြီဆိုတော့လဲ ကြော်ငြာတုန်းက သူဟာလှုပ်လို့ ကြော်ငြာတာပဲ (မှန်ပါ့) နောက်ကျတော့ ဟိုမှာပဲ ဣန္ဒြေမရ ဘာမရနဲ့ ရောဂါဝေဒနာရပြီး ပျက်စီးတယ်ဆိုတော့ လှုပ်သေးရဲ့ သား (မလှုပ်ပါဘုရား) တဏှာနဲ့ သူကမမှီတော့မလှုပ်ဘူး မှန်ပါ့) သေတာ ကောင်းတယ်၊ ဒီလိုလာတယ် သဘောကျ ၁လား (ကျပါပြီဘုရား)။

စဉ်းစား ကြည့်စမ်းပါ။ ဥပမာမယ် အနောက်နိုင်ငံမှာ ကျွန်းပါ မြေမျိုသွားသတဲ့၊ လူတွေလဲ အကုန်ပါသွားသတဲ့၊ ပင်လယ်ရေလွှမ်းပြီး မီးတောင်ပေါက်ကွဲသွားလို့ . . . (မှန်ပါ့) မြန်မာပြည်က ဘယ်သူကမှ ဆွေမျိုးမရှိလို့ ဩော် . . . ကမ္ဘာသကာပဲ (မှန်ပါ့) မှီမှမမှီဘဲကိုးဗျ . . . (မှန်ပါ့) မမှီတော့ ဘယ့်နှယ်တုံး လှုပ်သေးရဲ့လား (မလှုပ်ပါဘုရား)၊ ကမ္ဘာသကာ နဲ့ ထိုင်များနေလိုက် သေးတယ်. . . (မှန်ပါ့) တဏှာမပါတော့ လှုပ်သေးရဲ့လား . . . (မလှုပ်ပါဘုရား)။

တဏှာသာပါလို့ရှိရင် ဟိုမှာ သားတွေ သမီးတွေ ကျောင်းနေဖို့ပိတ်ထားရင် ကိုယ်ကျိုးဖြင့်နည်းပေါ့ . . .၊ အော်ပြီ၊ ဒီကျရင်. . . (မှန်ပါ့)၊ဒီကျရင်တော့ မအော်သေးဘူး လား . . . (အော်ပါတယ်ဘုရား) မှီနေရင်တော့ ဘာတုံး (လှုပ်ပါတယ်) မမှီရင်တော့ . . . (မလှုပ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လှုပ်မလှုပ်ဟာ ဘယ်ဟာကို အကဲခတ်ရမှာတုံး (မှီ-မမှီ အကဲခတ်ရပါမယ်) မှီ-မမှီမှာ အကဲ ခတ်ရမယ် ဆိုတော့လဲ ခင်ဗျားတို့ကလည်း ခက်လိုက်တဲ့ ဖြစ်ခြင်းက အမှီမရှိရင် ဘုရားတောင်မပွင့်ဆိုတာ၊ ခင်ဗျား တို့ဘယ်ကသင်ထားတယ် မပြောတတ်ဘူး၊ ဒကာကြွယ်တို့ သင်ထားတာကလေ. . . (မှန်ပါ့) ကျွန်းကိုင်းမှီ-ကိုင်းကျွန်းမှီ ပေါ့ကွ စသည်နဲ့ ယောက်ျားနဲ့မိန်းမများ ပြောနေလိုက်တာ . . . (မှန်ပါ့ဘုရား) ငိုချင်ကြသေးလို့ပဲ၊ ရိပ်မိပလား. . .

(ရိပ်မိပါပြီဘုရား) ကြောက်စရာကြီးပါလား၊ ဒကာ ဒကာမတို့ ဘယ်ကမျှားစကားတွေ တတ်ထားတယ် မသိဘူး၊ တဏှာက သင်ထားတာကိုး . . . (မှန်ပါ့ဘုရား)။

ဒကာသစ် ဘယ်သူက သင်ထားတာတုံး . . . (တဏှာက သင်ထားပါတယ်) အဲဒီတော့ တဏှာသင်ထားတဲ့ အတိုင်းသာလုပ်နေလို့ရှိရင် ငိုပွဲချည့်ဆင်မယ် စိတ်ကူးပါ . . . (မှန်ပါ့) တဏှာက သင်ထားတာက မှီသာမှီကွဆိုပြီး၊ သူကလဲ အနိစ္စချည့် အမှီခိုင်းတယ် . . . (မှန်ပါ့ဘုရား)။

ဘာတွေ အမှီခိုင်းသတုံး . . . (အနိစ္စတွေချည့် အမှီခိုင်းပါတယ်) အနိစ္စအမှီခိုင်း ဒုက္ခအမှီခိုင်း အနတ္တအမှီခိုင်း ဒုက္ခသစ္စာအမှီခိုင်းနဲ့ ပျက်စီးဒုက္ခရောက်မှာ ချည့်အမှီခိုင်း နေတယ် . . . (မှန်ပါ့) အဲဒီ ပျက်စီးမှာချည့် အမှီခိုင်းတော့ ပျက်စီးမှာ တွေက များလေလေ အရှိုးနဲ့အရေ ကျန်လေလေပဲ . . . (မှန်ပါ့) မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

ဒါဖြင့် နိဿိတဿ စလိတံတော့ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

## သူ့ခန္ဓာကိုယ်၊ သူခင်နေသေးတယ်

ရှင်ဆန္ဒက ဒကာ ဒကာမတို့ မှီလို့လှုပ်တာလား၊ မမှီဘဲနဲ့ ဓားနဲ့လည်းပင်းလှီးပြီး သေမယ်လို့ ပြောတာလား (မှီလို့လှုပ်တာပါ) သူ့ခန္ဓာကိုယ် သူခင်နေသေးတယ်ဗျ၊

ဒီခန္ဓာကြီးကို စိတ်ပျက်ပြီးသကာလ အကောင်းမှ မဟုတ်ဘဲ၊ သေပစ်တာအေးသကွ. . . (မှန်ပါ့) သဘောကျပလား(ကျပါပြီ) အကောင်းဖြင့် သူခင်ဦးမှာ သေပစ်တာ အေးတယ်ဆိုတော့ ဒေါသပါနေပြီ (မှန်ပါ့) ဒါဖြင့် လောဘကြောင့်ဖြစ်တဲ့ ဒေါသနဲ့ သူမှီနေတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ ဘုရား)။

လောဘနဲ့စွဲမရလို့ ဒေါသနဲ့ သွားမှီနေတယ် (မှန်ပါ့) အဲဒီကဲ့သို့ မှီနေတဲ့အတွက် နိဿိတဿ စလိတံလို့ ရှင်စုန္ဒက အနားကနေပြီး ရွတ်တာ. . . (မှန်ပါ့) သူဘဝင်မြင့်နေတယ် ဆိုတာ ဒကာ ဒကာမတွေ သေချာပလား . . . (သေချာပါပြီ ဘုရား)။

အနိဿိတဿ စလိတံ နတ္ထိ၊ အနိဿိတဿ ဘယ်သူ့ မှမှီမနေတဲ့ ပုဂ္ဂိုလ်အား၊ စလိတံ-လှုပ်ခြင်းသည်၊ နတ္ထိ-မရှိဘူးတဲ့၊ ကိုယ့်ခန္ဓာကိုယ်တောင်မှ ကဲကွာလို့ဆိုပြီး ပရတော လုပ်လိုက်ပါ၊ နဂိုက မင်းအသေမို့ အခုသေနေတာပဲလို့ မြင်နေတဲ့ ပုဂ္ဂိုလ်ကျတော့ လှုပ်သေးရဲ့လား . . . (မလှုပ်ပါဘုရား)။

အဲ. . . တစိမ်းပြင်ပလို့ ကြည့်လိုက်တဲ့အခါ ဒုက္ခသစ္စာမို့ ဒုက္ခသဘော ပြောလို့ရှိရင် လှုပ်သေးရဲ့လား- (မလှုပ်ပါ ဘုရား) မမှီတော့ . . . (မလှုပ်ပါဘုရား) တဏှာဒိဋ္ဌိ မမှီတော့ မလှုပ်ဘူး၊ တဏှာဒိဋ္ဌိ ကင်းတဲ့ဉာဏ်နဲ့ ကြည့်လိုက်တော့ လှုပ်သေးရဲ့လား. . . (မလှုပ်ပါဘုရား)။

ဒါကြောင့် ခန္ဓာကြီးက ဖျပ်ဖျပ်-ဖျပ်ဖျပ်နဲ့ ဒကာ ဒကာမတွေ သန္တာန်မှာ ပျက်စီးနေတာတွေကြည့်လိုက်တော့ ဒကာကြွယ် လှုပ်ဦးမလား . . . (မလှုပ်ပါဘုရား) တဏှာ မပါဘဲကိုးဗျ . . . (မှန်ပါ့) ရှုလို့ကောင်းလိုက်တာဗျာ၊ နေရာကျလိုက်တာဆိုတာ ဉာဏ်နဲ့ချည့်ရှုနေတော့ ခန္ဓာ ကတော့ သေနေတာအမှန်ပဲ . . (မှန်ပါ့)။

ခန္ဓာကတော့ ဘာတုံး . . . (သေနေတာအမှန်ပါ ဘုရား) သို့သော် ခင်ဗျားတို့က ခုနင်က တဏှာဒိဋ္ဌိနဲ့ မှီသလို မျက်ရည်ကြီးငယ်တွေ ထွက်သေးသလား . . . (မထွက်ပါ ဘုရား) ဉာဏ်ကလေးနဲ့ ရှုလို့ ကောင်းတယ်တောင် ဖြစ်လာ တယ် . . . (မှန်ပါ့)။

ဘယ့်နှယ်ဖြစ်ပါလိမ့် (ဉာဏ်ကလေးနဲ့ရှုလို့တောင် ကောင်းတယ်တောင် ဖြစ်လာပါတယ်) ရှုလို့ ကောင်းတယ် တောင်ဖြစ်ပြီး သကာလနေတဲ့အတွက် ဩော် . . . တဏှာ မပါတဲ့အချိန်ကျတော့ ရှုလို့ကောင်းတယ် . . . (မှန်ပါ့) တဏှာနဲ့ကြည့်လိုက်တဲ့အခါ ကျတော့ ခေါင်းကလေးပူတာ သွားပြီး စမ်းကြည့်၊ နင်ဘာဖြစ်သတုံးဆိုပြီး ထိတ်ခနဲသွားတာပဲ (မှန်ပါ့) မသွားပေဘူးလား (သွားပါတယ်ဘုရား)။

အဲဒီလိုဖြစ်ပြီး သကာလနေတဲ့အခါကျတော့ ဒကာ ဒကာမတို့ မှီတတ်တာနဲ့ မမှီတတ်တာသည် လှုပ်မှုမလှုပ်မှုမှာ ကွာတယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် ရှင်ဆန္ဒ လှူပ်သလား၊ မလှုပ်ဘူးလား တရား တစ်ပွဲလုံး အကဲခတ်စမ်း (လှုပ်ပါတယ်ဘုရား) ဒါဖြင့် သူ့ခန္ဓာ သူမှီပြီ (မှန်ပါ့) သူ့ခန္ဓာမှာ တဏှာဥပါဒါန်နဲ့ မမှီဘူးလား (မှီပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ မှီနေသေးတာကို သိလို့ ရှင်စုန္ဒက နိဿိတဿစလိတံကို နှလုံးသွင်းပါဘုရား (မှန်ပါ့) မဟောထိုက်ဘူးလား . . . (ဟောထိုက်ပါတယ်) အနိဿိ တဿ စလိတံနတ္ထိဘုရား၊ မမှီလို့ရှိရင် အရှင်ဘုရား ဒီစကားမျိုး တွေ ပြောမှာမဟုတ်ဘူးလို့ သတိရစေလိုရင်းပဲ . . . (မှန်ပါ့) ဓားနဲ့လှီး သတ်သေမလေး ဘာလေးဆိုတာတွေ လာပါ့မလား (မလာပါဘုရား) အဲ . . . ဖော်သာမပြောတာ အဓိပ္ပါယ်က ဒီရောက်နေတယ် . . . (မှန်ပါ့) သဘောပါကြပလား . . . (ပါ,ပါပြီဘုရား)။

**“စလိတေ အသတိ ပဿဒ္ဓိ ဟောတိ” စလိတေ လှုပ်ခြင်းသည်၊** အသတိ-မရှိခဲ့သည်ရှိသော်၊ တဏှာ ဥပါဒါန် ချုပ်သွားခဲ့သည်ရှိသော်၊ ပဿဒ္ဓိ-ကိုယ်လည်း ငြိမ်းပါတယ်၊ စိတ်လည်း ငြိမ်းပါတယ် (မှန်ပါ့) အဋ္ဌကထာများ အလိုဖြင့် ကိလေသာလည်း ငြိမ်းသောကြောင့် လှုပ်ခြင်းမရှိပါဘူး . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက်ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်များ အာရုံပြုနေတော့ ကိုယ်လဲငြိမ်း၊ စိတ်လဲငြိမ်း၊ ကိလေသာကော

(ငြိမ်းပါတယ်) ငြိမ်းနေတာပဲဆိုတာလဲ သဘောကျပလား (ကျပါပြီဘုရား) အဲဒါ တဏှာမာန ဒိဋ္ဌိချုပ်နေတဲ့ အခါကျလို့ ရှိရင် ကိုယ်လဲငြိမ်း၊ စိတ်ကော (ငြိမ်းပါတယ်) ကိလေသာကော ငြိမ်းတယ်၊ သူထိုက်တန် သလောက်ပေါ့ဗျာ။

အဲ. . . တန်သလောက် ငြိမ်းနေလို့ ရှိရင်ဖြင့် ဩော် . . . ဒါဟာ တဏှာ ဒိဋ္ဌိနဲ့ မမှီဘဲ ဉာဏ်နဲ့ အာရုံပြုနေတဲ့ အတွက် ဉာဏ်နဲ့ နိဗ္ဗာန်ကို ဒုက္ခချုပ်တဲ့ဆီ အာရုံပြုနေလို့ ရှိရင်ဖြင့် ကိုယ်ငြိမ်း၊ စိတ်ငြိမ်း၊ ကိလေသာငြိမ်း ဖြစ်ပါလိမ့်မယ် ဆိုတာ သေသေချာချာ လာပါတယ်. . . (မှန်ပါ့)။

ဒါဖြင့် ဒီကိုမရောက်ရောက်အောင် လုပ်ရမှာပေါ့ (မှန်ပါ့) တဏှာ, ဒိဋ္ဌိမမှီအောင် ဖြစ်ပျက်ဆုံးသည်တိုင်အောင် လိုက်ကြည့် ဒကာကြွယ်ရေ (မှန်ပါ့) ဖြစ်ပျက်ဆုံးသည် တိုင်အောင် လိုက်လို့ရှိရင် ကိုယ်ကော (ငြိမ်းပါတယ်) စိတ်ကော (ငြိမ်းပါတယ်) ကိလေသာ ထိုက်တန်သလောက်ကော. . . (ငြိမ်းပါတယ်ဘုရား)။

အဲ . . . သူ့မဂ်နဲ့ သူပေါ့ဗျာ (မှန်ပါ့) လောကီမဂ်ဖြင့် လောကီမဂ်လောက် ငြိမ်းမှာပဲ၊ လောကုတ္တရာမဂ်ဖြင့် လောကုတ္တရာမဂ်လောက် ငြိမ်းလိမ့်မယ်ဆိုတာ မသေချာ ဘူးလား . . . (သေချာပါတယ်ဘုရား)။

အဲဒီ အငြိမ်းသုံးခုကို ခင်ဗျားတို့ ဖြစ်ပျက်ဆုံးရင် ဒီအငြိမ်းသုံးခု ရမှာပဲ (မှန်ပါ့) မရပါနဲ့ဆိုလို့ ရပ့ါမလား

(မရပါဘုရား) လုပ်တာတွေရှိသေးရဲ့လား(မရှိပါဘုရား) အဲ လုပ်နေရင် မဟုတ်သေးဘူး၊ အငြိမ်းသုံးခုရမှ ဟုတ်တယ်ဆိုတာ သေသေချာချာမှတ်ရလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ရှင်စုန္ဒက စကားမပြောဘဲနဲ့၊ တရားဟော သွားတယ်လို့ မှတ်ရမယ်၊ (မှန်ပါ့ဘုရား) ဒါနဲ့ သူတို့ကြွသွား တယ်၊ ဘုရားဆီကြွသွားတယ်၊ ဘုရားဆီမ ရောက်ခင် သူတို့လဲ လမ်းရောက်ခါရှိသေးတယ်၊ ရှင်ဆန္ဒက သူ့လည်ပင်းကို ဓားနဲ့ လှီးတယ် . . . (မှန်လှပါဘုရား)။

## လည်ပင်းဓားနဲ့လှီးတယ်

သူ့လည်ပင်းသူ ဓားနဲ့လှီးတယ် (မှန်ပါ့) လှီးတော့ကို တစ်နေ့က ဟောခဲ့တယ်၊ ဝိညာဉ်ချုပ်ခါနီး နိမိတ်ထင်သေး တယ်လို့ မပြောဘူးလား (ပြောပါတယ်ဘုရား)။

ဝိညာဉ်ချုပ်ခါနီး သေခါနီးမှာ ဒီအတိုင်းမသေပါဘူး၊ သွားရာလမ်းခရီး နိမိတ်တွေ ထင်သေးတယ်လို့ တစ်နေ့က ဟောထားတယ် (မှန်ပါ့)။

အဲဒီလိုပဲ ဒီနေ့လည်ပင်းလှီးလိုက်တဲ့ အခါကျတော့ - ဝိညာဉ်က မချုပ်သေးတော့ ရဟန္တာထင်တဲ့ နိမိတ်တွေ မထင်ဘဲနဲ့ ပုထုဇဉ်များမြင်တဲ့ နိမိတ်တွေ လာထင်နေတယ် . . . (မှန်ပါ့ဘုရား)။

## ပုထုဇဉ်မြင်တဲ့ နိမိတ်တွေထင်တယ်

ပုထုဇဉ်များမြင်တဲ့ နိမိတ်တွေ ထင်တော့ ရှင်ဆန္ဒက ဝိပဿနာ အရှိန်ကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့၊ ဩော် . . . ငါတော့ ရဟန္တာထင်တယ်၊ အခုထင်တဲ့ နိမိတ်ကတော့ ပုထုဇဉ်ထင်တဲ့ နိမိတ်ပါလားလို့ သူဟာ သူရိပ်မိတယ်၊ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

သူ့ကိုယ်သူတော့ နဂိုက ဘာထင်သတုံး . . . (ရဟန္တာ ထင်နေပါတယ်ဘုရား)၊ အခုသေခါနီး နိမိတ်ကြည့်လိုက်လို့၊ ဝိညာဉ်မချုပ်ခင်မြင်ရတဲ့ နတ်သမီး ဗိမာန် ပဒေသာပင်တွေ စသည်သွားမြင်တယ်၊ နိဗ္ဗာန်မမြင်ဘူး . . . (မှန်ပါ့ဘုရား)။

## ခန္ဓာကိုယ်ဖြစ်ပျက် ပြန်ကောက်တယ်

အင်း . . . ငါ့အထင်နဲ့ဖြင့် အခုထင်တာနဲ့ တခြား စီ ဖြစ်ပါပေါ့လားလို့ သူသိတယ်၊ သူသိတောမှ ဒီဝေဒနာကို ဖြုန်းခနဲ ဒီဝေဒနာနဲ့ မသေမီ ခန္ဓာကိုယ် ဖြစ်ပျက် ပြန်ကောက် တယ် . . . (မှန်ပါ့) ပြန်ကောက်နိုင် သေးတယ်၊ ဒကာမကြီးတွေ မှတ်ထားကြ . . . (မှန်ပါ့ဘုရား)။

မားနဲ့လည်ပင်းလှီးပြီးသားတောင် ဖြုန်းခနဲ ဝိညာဉ် မချုပ်သေးတော့ နိမိတ်တွေ ထင်ပြီးမှတောင် အို . . . ဒီလမ်း မဟုတ်ဘူး၊ ဒီလမ်းမဟုတ်သေးဘူး။ ဖြစ်ပျက်တဲ့ဥစ္စာ ရဟန္တာ ရယ်လို့ သူ့ကိုယ်သူထင်နေတဲ့ ဥစ္စာမဟုတ်သေးဘူး၊ အခု

နိမိတ်တွေက ပြနေပြီဆိုပြီး သူ့ခန္ဓာကိုယ် သူပြန်ကြည့်တယ်၊ ဖြစ်ပျက်ပြန်ကောက်ရတယ်. . . (မှန်ပါ့ဘုရား)။

## အတင်းကြိုးစားတယ်

အဲဒီကျတော့ဖြင့် သေခါနီးကိစ္စဖြစ်နေတဲ့အတွက် အတင်းပဲ ကြိုးစားတော့တာပဲ၊ ဘယ်သူမှ တိုက်တွန်းနေဖို့ မလိုဘူး၊ ကြိုးစားတော့တာပဲ (မှန်ပါဘုရား)။

အဲဒီလိုကြိုးစားတော့ လည်ပင်းခေါ်နဲ့လှီးပြီးလို့ ထွက်လေဝင်လေတွေ ဒီကမထွက်ခင်ပေါ့ဗျာ . . . အဲဒီတွင်မှ သူဖြစ်ပျက်တွေ အားထုတ်ပြီးတော့ နိဗ္ဗာန်မြင်ပါတယ် . . . (မှန်ပါဘုရား)။

## နိဗ္ဗာန်ကိုလေးခါ မြင်တယ်

ဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်မြင်တယ်၊ မြင်တာမှ လေးခါလောက်မြင်တယ်၊ (မှန်ပါ့) စိတ်ဟာအင်မတန် မြန်ပါတယ်။ လေးခါလောက် မြင်ပြီးသကာလ သူနဂိုက ပြောထားတဲ့ အတိုင်းအခုမှ ကိုက်တယ် (မှန်ပါ့)၊ သေခါနီးမှ သွားကိုက်တယ် (မှန်လှပါ ဘုရား)။

အဲဒါ လေးခါလောက်လဲ နိဗ္ဗာန်မြင်ပြီးပါရော သူဟာ စုတိစိတ်ကျတယ်၊ တမသီသီရဟန္တာ . . . သေခါနီးမှ ရဟန္တာ ဖြစ်တာနဲ့ မရှေးမနှောင်းဖြစ်သွားတယ်. . . (မှန်ပါဘုရား)။

ဒါနဲ့ပဲ ရှင်သာရိပုတ္တရာနဲ့ ရှင်စုန္ဒတို့က လမ်းမှာ သူတို့အဘိညာဉ်နဲ့ ကြည့်တော့သိတယ်၊ ဆန္ဒကို တောင်းပန် ပစ်ခဲ့တာမရဘူး၊ လည်ပင်းဓားနဲ့ လှီးပြီးသေတယ်ဆိုတာ သိပြီး၊ သူတို့ ဘုရားဆီသွားကြတယ်။

ဘုရားက မင်းတို့က ဘယ်ကပြန်လာကြသတုံးကွ၊ ဆန္ဒကို လူမမာမေးသွားပါတယ်ဘုရား၊ တပည့်တော်တို့ လမ်းရောက်ခါရှိသေးတယ်၊ သူသည် လည်ပင်းဓားနဲ့လှီးပြီး သေပြီဘုရား၊ အဲဒီဆန္ဒလားရာဂတိကို ဘယ်မှာရှိသတုံးလို့ ဘုရားကို လျှောက်တယ်၊ (မှန်ပါ့) ဘယ်ဘဝ၊ ဘယ်ဘုံရောက် သတုံးလို့ ဘုရားကို လျှောက်တယ်။

## ဘုရားရှင်က ရှင်ဆန္ဒ နိဗ္ဗာန်ရောက်သွားပြီတဲ့

လျှောက်လိုက်တဲ့အခါကျတော့ မင်းတို့ကို ဓားနဲ့ မလှီးခင်ကလည်း ပြောထားသားပဲ၊ ဆန္ဒဟာ ဓားနဲ့လှီးပြီး သေငြားသော်လည်း နောက်ပဋိသန္ဓေ မနေဘူးဆိုတဲ့အတိုင်း သူ အခုပဋိသန္ဓေမနေဘူးကွတဲ့၊ နိဗ္ဗာန်ရောက်ပြီပြောတာ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒါဘယ့်နှယ်ကြောင့် ဘုရားက ဒီလိုဖြေတာတုံး မေးတော့ သူအရင်တုံးက ဖြေတာနဲ့ အခုသေခါနီးမှ အလုပ် လုပ်သွားတာနဲ့ သွားကိုက်နေတယ် . . . (မှန်ပါ့)၊ ရှင်းပ လား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို သူဟာဘုရားတဲ့ အမျိုးမျိုးအဖုံဖုံ ပုထုဇဉ် အဖြစ်နဲ့ပဲ မြင်တဲ့အမြင်တွေ ရှိနေသေးတဲ့ ဥစ္စာပဲတဲ့ ဘယ့်နှယ် ကြောင့် လားရာဂတိမရှိပါသတုံး။

## ဒါအပြစ်ကင်းသောသေခြင်း

သူဟာ ခင်တွယ်တာ အမျိုးမျိုးအဖုံဖုံလို့ လျှောက် တော့၊ သာရိပုတ္တရာ ဒါတွေဟာ အရေးမဟုတ်ပါဘူးကွတဲ့၊ (မှန်ပါ့) ဒီခန္ဓာကိုယ်ပစ်ချပြီး ဟိုခန္ဓာကိုယ်ကို မခင်တဲ့ဥစ္စာဟာ ဒါအပြစ်ကင်းသော သေခြင်းသေတယ်လို့ မင်းတထစ်ချမှတ်ပါ တဲ့ . . . (မှန်ပါ့ဘုရား)။

ဒီခန္ဓာကိုယ် မခင်ဘဲနဲ့ သေရင်ဟိုခန္ဓာကိုယ်မရဘူးတဲ့ သဘောကျပလား(ကျပါပြီ) ဒီခန္ဓာခင်ပြီး သေလို့ရှိရင်ဖြင့် တဏှာဥပါဒါန် မချုပ်သေးလို့နော် . . . (မှန်ပါ့ဘုရား)။

ဒီခန္ဓာကိုယ် မခင်ဘဲနဲ့ သေလို့ရှိရင် နောက်ခန္ဓာကိုယ် (မရပါဘူးဘုရား) မရဘူးဆိုတာ ခင်ဗျားတို့မှတ်ထားပါ (မှန်ပါ့ ဘုရား)

## သေခါနီးမှာ မဂ်ဉာဏ်ရနိုင်တယ်

အဲဒီတော့ ဒါဟာ အခုအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ သေခါနီးမှ ကပ္ပာကယာလုပ်လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရနိုင်သေးတယ် . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ

ဘုရား) နောက်ခန္ဓာ မလာဘူးဆိုတဲ့ အကြောင်းဟာလည်း ရှင်းရှင်းလင်းလင်းကြီး ဖြစ်တယ်။

ဒါကြောင့် ဒကာ ဒကာမတွေ ဘယ်ရောက်ရောက်၊ ဖြစ်ပျက်ဆုံးအောင် ဒို့အားလုံးလိုက်ရမယ်ဆိုတာတရားနာတဲ့ ပုဂ္ဂိုလ်တွေ ဒီအတိုင်းမှတ်ပါ (မှန်ပါ့)၊ ဖြစ်ပျက်မဆုံးသေးလို့ ရှိရင် ဝိပဿနာမဂ်ချည်းမှတ် . . . (မှန်ပါဘုရား)။

အဖြစ်မြင်မြင်၊ အပျက်မြင်မြင်၊ ဒါတွေမုန်းမုန်း ဒါတွေ လျှစ်လျူရှုရှု၊ ရှေ့က သင်္ခါရတွေ တွေ့နေသရွေ့ ကာလပတ်လုံး ဒါဝိပဿနာဉာဏ်ချည်းမှတ်ပါ . . . (မှန်ပါ့)၊ ၎င်းသင်္ခါရတွေ ဆုံးသွားလို့ရှိရင်ဖြင့် မဂ်ဉာဏ်မှတ် (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု